ပြဟ္မစရိယဉ္စ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၁)၊ အမှတ် (၃၄၉)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါပူးဝါးနယူးဂီနီနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ ဘုရင်ခံချုပ် ဆာပေါလ်လီးယာစ် မာတာနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မက္ကဆီကိုနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သော မက္ကဆီကိုပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မက္ကဆီကိုနိုင်ငံသမ္မတ မစ္စတာ ဗီဆန်တေးဖောက်စ် ကေဆာဒါ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးတိုင်း ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအသီးသီးဖွံ့ဖြိုးရေးဆက်စပ်နေ ကျေးလက်အပါအဝင် နယ်မြေအားလုံးကွက်ပြည့်ဖွံ့ဖြိုးမှ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာမည် တစ်မျိုးသားလုံးနှင့်ဆိုင်သောမျှော်မှန်းချက်များ တာဝန်ကျေစွာကြိုးပမ်းလုပ်ဆောင်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းကကျင်းပသည့် ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ စက်တင်ဘာ၁၂ရက် နံနက်ပိုင်းတွင် မကွေးမြို့မှတစ်ဆင့် မင်းဘူးခရိုင် ငဖဲမြို့သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြသည်။

လှိုက်လှိုက်လှဲလှဲကြိုဆို

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ပြည်ထောင်စုကြီး၏နယ်မြေအားလုံး ကွက်ပြည့်ဖွံ့ဖြိုးရေး

❒ နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအသီးသီး ဖွံ့ဖြိုးရေးမှာ အပြန်အလှန်ဆက်စပ်နေသဖြင့် ပြည်ထောင်စုကြီး၏နယ်မြေအစိတ်အပိုင်းအားလုံး ကွက်ပြည့်ဖွံ့ဖြိုးအောင် နိုင်ငံတော်အပိုင်းက စီမံဆောင်ရွက်လျက်ရှိ။

❒ ကျေးလက်ဒေသများ အပါအဝင် နယ်မြေအားလုံး ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံတော်ကြီးသည်လည်း ရာနှုန်းပြည့် ဖွံ့ဖြိုးတိုးတက်မှာဖြစ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ခေတ်မီတိုးတက်သော နည်းပညာများ အသုံးပြု စက်ပစ္စည်းအမယ်သစ်(အမည်သစ်)များတိုးချဲ့ထုတ်လုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ အခြားကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့ တည်ဆောက်ခြင်း၊ အခြေအနေပေးသည့် မြို့နယ်များ၌ စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စက်မှုဇုန် ၁၉ ဇုန် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာလ ၁၁ ရက်က ရေနံချောင်းမြို့ စက်မှုဇုန်ခန်းမသို့ သွားရောက်ပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာတွင်–

“မိမိတို့၏ပင်ကိုအရည်အသွေးများကို မြှင့်တင်၍ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ ထူထောင်နိုင်အောင် ကြိုးစားသွားရမှာဖြစ်ကြောင်း၊ မော်တော်ကားထုတ်လုပ်ရာမှာရော မော်တော်ဆိုင်ကယ်ထုတ်လုပ်ရာမှာပါ ကိုယ်ပိုင်အတတ်ပညာစွမ်းအားနှင့် ဖန်တီးနိုင်မှုတို့အပေါ် အဓိကအားပြုလုပ်ကိုင်သွားကြစေလိုကြောင်း”

ပြောကြားသွားသည်။

နိုင်ငံတစ်ဝန်းရှိ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စက်မှုဇုန်အလိုက် ကြီးကြပ်ဆောင်ရွက်ပေးသည့်အပြင် စက်မှုဇုန်လုပ်ငန်းရှင်များ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စက်မှုဇုန်အလိုက် ဆွေးနွေးပွဲများနှင့် နည်းပညာပိုင်းဆိုင်ရာများကိုလည်း ပံ့ပိုးကူညီပေးခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်လည်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကို တည်ထောင်ပေးပြီး စက်မှုလုပ်ငန်းရှင်များလိုအပ်သော ရင်းနှီးငွေများအတွက် အတိုးနှုန်းချိုသာစွာဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထို့အပြင် အထက်မြန်မာပြည် စက်မှုလက်မှုပြပွဲ၊ အောက်မြန်မာပြည် စက်မှုလက်မှုပြပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့သည်။

ရေနံချောင်းစက်မှုဇုန်တွင် ဆယ်ဘီးကားလေးထိုင်ခုံနှင့် ဆက်စပ်ပစ္စည်းများ၊ ရေတင်စက်နှင့်အပိုပစ္စည်းများ၊ အမှုန့်ကြိတ်စက်နှင့်အပိုပစ္စည်းများ၊ မော်တော်ယာဉ်သုံးပစ္စည်းများ၊ ဓာတ်ငွေ့သုံးကားများ အဖြစ်ပြောင်းလဲသုံးစွဲရာ၌ လိုအပ်သော စက်အစိတ်အပိုင်းများကို ပြည်တွင်းဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် တင်ပို့ရောင်းချနိုင်အောင် ကြိုးစားလျက်ရှိသည်။

မကွေးတိုင်း မင်းလှမြို့နယ်တွင် အမှတ်(၂)လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)က နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် နှစ်ဘီးလမ်းကြိတ်စက်၊ သုံးဘီးလမ်းကြိတ်စက်များကို ပြည်တွင်း၌ပင် အောင်မြင်စွာ ထုတ်လုပ်နိုင်သဖြင့် နိုင်ငံခြားသုံးငွေများစွာ သက်သာစေနိုင်ကြောင်းသိရသည်။

ရန်ကုန်မြို့တော်ပတ်ဝန်းကျင်တွင် စက်မှုဇုန်များ ထူထောင်ပေးလျက်ရှိရာ သန်လျင်–ကျောက်တန်း စက်မှုဇုန်ကို ထူထောင်ပေးခဲ့သည်။ သန်လျင်–ကျောက်တန်းဒေသသည် ပင်လယ်ဆိပ်ကမ်းနှင့်နီးသော ဒေသ ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေခံသည့် စက်မှုဇုန်ကြီးထူထောင်ရန် အဆိုပါစက်မှုဇုန် စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် အခြေခံဖြစ်သော စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ခေတ်မီတိုးတက်သော နည်းပညာများ အသုံးပြု၍ စက်ပစ္စည်းအမယ်သစ်(အမည်သစ်)များကို တိုးချဲ့ထုတ်လုပ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ထန်းတပင်မြို့နယ်တွင် စက်တင်ဘာ ၁၂ ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်းဝင်လယ်သမားများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သမဝါယမ)

ပုဂံ–ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၅

ပုဂံ–ညောင်ဦး မြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို စက်တင်ဘာ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်မှန်ကျောင်း ဘုန်းကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ ပုဂံ–ညောင်ဦးနယ်သူနယ်သားများစုံညီစွာ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် နာယက ဆရာကြီး ဦးဘစော ဖုန်း–၂၀၁၄၆၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း–၅၇၇၇၀၂၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်ဝင်း(ငြိမ်း) ဖုန်း–၂၄၀၈၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ ထို့ပြင် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့တက်ခွင့်ရသူ ပုဂံ–ညောင်ဦး မြို့နယ်မှ ပညာသင်စရိတ် အခက်အခဲရှိသော ကျောင်းသူ ကျောင်းသားများသည် ပုဂံ–ညောင်ဦး မြို့နယ်အသင်းသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

(က–ပ)

စူပီးရီးယား ကျောက်စိမ်း ကျောက်မျက်ရတနာ တူးဖော်ရောင်းဝယ်ရေးသမဝါယမအသင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်း သာကေတမြို့နယ် စူပီးရီးယားကျောက်စိမ်း ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၃–၂၀၀၄ ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ စူပီးရီးယား ကျောက်စိမ်း ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်

ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ နှစ်ချုပ်စာရင်းရှင်းတမ်း၊ အကျိုးအမြတ်ခွဲဝေမှုစာရင်းများကို ဒါရိုက်တာအဖွဲ့ဝင် ဒေါ်ယဉ်ယဉ်ကြည်ကဖတ်ကြားတင်ပြရာ သဘာပတိက အတည်ပြုပေးသည်။

ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ သာကေတမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့အမည်စာရင်းနှင့် တာဝန်ခွဲဝေသတ်မှတ်ချက်ကို အသင်းသား ဦးသန်းရွှေက ဖတ်ကြားတင်သွင်းရာ အသင်းသား ဦးသက်ဝင်းထွန်းက ထောက်ခံသဖြင့် အတည်ပြုသည်။

ထို့နောက် အမှုဆောင်အဖွဲ့သစ်များ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၆–၉–၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၅၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **ပညာရေးဆိုင်ရာမဂ်လာများ** (အရှေ့တိုင်းပညာအထူးပြု–ပထမနှစ်)
၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မဆုတ်မနစ်”** (အပိုင်း–၁၁)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေရောင်လွှမ်းသည့်ရွှေလမ်းဆီသို့”** (အပိုင်း–၂)
သရုပ်ဆောင်– လူမင်း၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေ
ဒါရိုက်တာ–တင်သန်းဦး

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၆၁)

ပြောစရာတွေ ဖြစ်ဖြစ်လာတော့လဲ ဆိုရေးရှိက ဆိုအပ်စွ ဆိုတဲ့စကားအရ ပေါက်စ ပြောဆိုလာရတာပါခင်ဗျာ။

အဖြစ်ကတော့ ဒီလိုပါခင်ဗျ၊ ၂၀၀၄ခုနှစ် ဩဂုတ်လ၂၅ရက်နေ့ ည ၈ နာရီ ၁၅မိနစ်အချိန်မှာ ဘီဘီစီအသံလွှင့်ဌာနက မြန်မာ့အရေး၊ကမ္ဘာ့အရေး ကဏ္ဍမှတင်ပြချက် ခေါင်းစဉ်တပ်ပြီး မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူဟူသော ပုဂ္ဂိုလ်ကြီး လယ်ရီယောဂင်နဲ့ မြန်မာနိုင်ငံရေးသမားကြီးအမည်ခံ ဦးဝင်းနိုင်တို့ကို ဗျူးပြန်သဗျ။

အဲသလိုဗျူးတာတွေကို အနှစ်ချုပ်လိုက်ရင် ညစ်စုတ်မွဲတေတဲ့ သဘောထားဟာ အတိုင်းသား မြင်လာရသဗျ။ ဘာလို့လဲဆိုတော့ ပေါက်စတို့ရဲ့ နိုင်ငံခေါင်းဆောင်တွေ တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ်နဲ့ စုပေါင်းခေါင်းဆောင်ပြီး နိုင်ငံတည်ဆောက်ရေး လုပ်ငန်းတွေကို ကြိုးပမ်းအကောင်အထည်ဖော်နေတာနဲ့ ပတ်သက်လို့ အရှက်တရား၊ သိက္ခာတရား လားလားမျှ မရှိဘဲ အတို့အထောင် ဗျူးစကားတွေနဲ့ သပ်လျှိုတာတို့၊ အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်းအတွက် တောရမ်းပယ်ဖွဲ့ငြိကာချဲ့ကြတာတို့ မြန်မာနိုင်ငံမှာ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုတွေဟာ ဘာဆိုဘာမျှ တိုးတက်ကောင်းမွန်တာ မရှိဘူးတို့၊ ဒီနှစ်မှာ ပြည်သူတွေစီးပွားရေး ပိုကျပ်တည်းလာတယ်တို့၊ အဲသလိုတွေ ဗျူးခန်းမှာ အရူးအနှမ်းတွေနဲ့မခြား လုပ်ကြံလီဆယ် ပုတ်ခတ်ခဲ့ကြသဗျ။

အခုလိုမျိုး လုပ်ကြံလီဆယ် ပုတ်ခတ်တာတွေနဲ့ပတ်သက်ပြီး ပေါက်စ သဘောထားကို မပြောခင် မနေ့တစ်နေ့က အင်တာနက်ပေါ်မှာ အမှတ်မထင် တွေ့လိုက်ရတဲ့ ချက်ကိုစလိုဗက်နိုင်ငံသား သတင်းထောက်တစ်ဦးရဲ့ မြန်မာပြည်အတွေ့အကြုံဆောင်းပါးကို ရည်ညွှန်းကိုးကားပါရစေခင်ဗျာ။ အဲဒီသတင်းထောက်ရဲ့အမည်က မက်မီလန်ဝဲလ်လာ ဖြစ်ပြီး သူနဲ့အတူပါလာတဲ့ ဓာတ်ပုံသမားက 'ဗာကဲနိုဗက်'လို့ခေါ်ပါသတဲ့ခင်ဗျာ။ သူ့တို့နှစ်ဦးဟာ မြန်မာနိုင်ငံကို ၂၀၀၄ခုနှစ် မေလထဲမှာ ရောက်လာပြီး နိုင်ငံအတွင်း ရက်သတ္တနှစ်ပတ်ကြာ လည်ပတ်လေ့လာခဲ့တယ်လို့ သိရပါတယ်ခင်ဗျာ။

အဲသလို လည်ပတ်လေ့လာတွေ့ကြုံရတာတွေကို သတင်းဆောင်းပါးရေးခဲ့ရာမှာ ဟောသလိုပါပဲခင်ဗျာ။ မက်မီလန်ဝဲလ်လာက သူ့အနေနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး မကောင်းသတင်းတွေပဲ ဖတ်ရှုနေရတော့ သူငယ်စဉ်က ချက်နိုင်ငံလို အခြေအနေမျိုး နှိုင်းယှဉ်တဲ့သဘောထားနဲ့ မြန်မာနိုင်ငံကို ကိုယ်တိုင်သွားရောက်လေ့လာဖို့ စိတ်ဝင်စားခဲ့ကြောင်း၊ မြန်မာနိုင်ငံကို တကယ်တမ်း ရောက်သွားတဲ့အခါမှာ အထင်နဲ့အမြင် အလွန်ကွာခြားနေတာ တွေ့ရကြောင်း၊ သတင်းစာတွေထဲမှာ မြန်မာနိုင်ငံအကြောင်း ရေးထားတာက မြန်မာနိုင်ငံဟာ သွားဖို့ လာဖို့ ခက်မယ်၊ ဆင်းရဲချမ်းသာ ကွာဟချက်ကြီးပြီး သူတောင်းစားတွေများမယ်၊ စစ်သားတွေ နေရာတိုင်းရှိတယ်လို့ ရေးကြတာ။ အခု အဲဒါတွေ မမှန်ကန်တဲ့အကြောင်း၊ ရန်ကုန်၊ မန္တလေး၊ ပုဂံနဲ့ အင်းလေးကန်တွေကို သွားလည်တဲ့အခါမှာ သူတို့ကို ဘယ်သူကမျှ နောက်ယောင်ခံလိုက်တာမရှိသလို ဓာတ်ပုံတွေရိုက်တော့လဲ လွတ်လွတ်လပ်လပ် ရိုက်ခွင့်ရပြီး ဘာပြဿနာမျှ မရှိကြောင်း ရေးထားပါသဗျ။

ရှိသေးသဗျ၊ ချက်သတင်းထောက် မက်မီလန်ဝဲလ်လာက ဘယ်လိုဆက်ရေးထားပြန်သလဲဆိုတော့ မြန်မာလူမျိုးတွေနဲ့စကားပြောရာမှာ မြန်မာတွေရဲ့ပွင့်လင်းမှုနဲ့ လွတ်လပ်စွာပြောဆိုနိုင်မှုဟာ သူ့ကိုအံ့သြစေခဲ့ပြီး ဖိနှိပ်ချုပ်ချယ်မှုမရှိကြောင်း၊ မြန်မာနိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံဆိုပေမယ့် သူထင်သလောက် မဆင်းရဲကြောင်း၊ သူရောက်ခဲ့ဖူးတဲ့ နိုင်ငံတွေထဲက ဆင်းရဲတဲ့နိုင်ငံတွေမှာ နိုင်ငံခြားသားကို သူတောင်းစားတွေ ပတ်လည်ဝိုင်းပြီး ပိုက်ဆံတောင်းတာမျိုး တွေ့ခဲ့ပေမယ့် မြန်မာနိုင်ငံမှာ အဲဒါမျိုးမတွေ့ခဲ့ရကြောင်း၊ မြန်မာလူမျိုးတွေဟာ ရိုးရာအဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်တာများပြီး လူတိုင်း စားဝတ်နေရေး အခက်အခဲမရှိကြတာကို တွေ့ခဲ့ရကြောင်း၊ မြန်မာတွေဟာ အင်္ဂလိပ်စကားကို သာမန်လူတွေတောင် ပြောဆိုနိုင်တဲ့အတွက် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေဝင်ပြီး မြန်မာတွေနဲ့စကားပြောဖြစ်ခဲ့ကြောင်း၊ ဂျီဟ်တုလိုင်းတီဗွီကို စားသောက်ဆိုင်မှာ ကြည့်ခဲ့ရတဲ့အတွက် ဂျီဟ်တုလိုင်းတွေ မြန်မာနိုင်ငံမှာ ကန့်သတ်ထားမှာပဲလို့ သူထင်ခဲ့တာ လက်တွေ့မှာ အိမ်တွေ၊ စားသောက်ဆိုင်တွေ၊ တည်းခိုခန်းတွေတိုင်း ဂျီဟ်တုလိုင်းကို လွတ်လပ်စွာ ဖမ်းယူကြည့်ရှုနိုင်တာတွေ့ရကြောင်း၊ လက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရကို ဝေဖန်ပုတ်ခတ် ပြစ်တင်ပြောကြားနေတဲ့ ဘီဘီစီအပါအဝင် နိုင်ငံခြားသတင်းဌာနတွေက ထုတ်လွှင့်တဲ့လိုင်းတွေ မြန်မာနိုင်ငံမှာ ဖမ်းယူကြည့်ရှုခွင့်ပြုထားတာဟာ သူ့ကို တအံ့တသြ ဖြစ်စေကြောင်းလို့ ရေးထားပါတယ်ခင်ဗျာ။

အဲ-အဲ ကျန်နေသေးသဗျ၊ ချက်သတင်းထောက် မက်မီလန်ဝဲလ်လာက သူ့ရဲ့ ဓာတ်ပုံသမား ဗာကဲနိုဗက်ကို မြန်မာနိုင်ငံရဲ့သတင်းတွေဟာ ပြည်ပက ရေးတာတွေနဲ့ တကယ့်ဖြစ်ရပ်တွေ ဘာလို့ ကွာခြားနေရတာလဲလို့ မေးလိုက်တော့ မစ္စတာနိုဗက်က ကမ္ဘာ့သတင်းဌာနတွေဟာ မြန်မာနိုင်ငံရဲ့ မကောင်းတဲ့သတင်းများရရှိရေးကို အဓိကထားကြတဲ့အပြင် အဲဒီသတင်းအများတွေကလဲ နိုင်ငံခြားသားများ မသွားနိုင်တဲ့ နေရာဒေသတွေမှာ အမြဲတမ်း စတင်နေတဲ့အတွက် သတင်းဌာနတွေကလဲ သတင်းမှန်လား၊ မှားလား မစိစစ်နိုင်တော့ဘဲ သတင်းအဖြစ် ဖော်ပြခဲ့တာဖြစ်တယ်လို့ ဖြေကြားခဲ့ကြောင်း ရေးထားသဗျ။

ပေါက်စ

ဘယ်လိုလဲခင်ဗျာ၊ အခုပေါက်စ ကောက်နုတ်ဖော်ပြထားတာတွေဟာ မူလဆောင်းပါးရှင် ချက်သတင်းထောက် **မက်မီလန်ဝဲလ်လာ** ရဲ့အာဘော်အစစ်၊ အနှစ်ချုပ်ပဲ ဖြစ်ပါတယ်ခင်ဗျာ။ ဘယ်သောကာလကမျှ မြန်မာနိုင်ငံနဲ့မြန်မာအစိုးရကို အကောင်းမမြင်၊ အကောင်းမတွေး၊ အကောင်းမရေးခဲ့ကြတဲ့ အနောက်အုပ်စု နိုင်ငံအချို့ရဲ့ အသံလွှင့်ဌာနတွေ၊ စာနယ်ဇင်းတွေရဲ့ လုပ်ကြံဝါဒဖြန့်တဲ့ မုသာဝါဒ အပုပ်နံ့တွေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားတွေကို လွတ်လပ်တဲ့ သတင်းသမားစစ်စစ်ရဲ့ အမြင်အတွေး၊ အရေးအသားတွေရဲ့ သင်းပျံ့တဲ့ဆင်းရနံ့ဟာ ဘယ့်ကလောက် ကွာခြားနေသလဲခင်ဗျာ။

အခုလဲ ကြည့်ပါဦးဗျာ၊ မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူဟူသော မအူမလည်ပုဂ္ဂိုလ် အကောင်းစားကြီး လယ်ရီယောဂင်နဲ့ မြန်မာ့နိုင်ငံရေးသမားကြီး အမည်ခံ ဦးဝင်းနိုင်ဆိုသူတို့က မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုတွေဟာ ဘာဆိုဘာမျှ မတိုးတက်တဲ့အပြင် ဒီနှစ်ထဲမှာ စီးပွားရေး ပိုပြီးကျပ်တည်းလာတယ်လို့ ပြောနေဆိုနေတာကတော့ ပေါက်စ မတောက်တခေါက်လေ့လာခဲ့ဖူးတဲ့ စိတ်ပညာဘုတ်အုပ်တွေရဲ့ အလိုအရ ပြောရရင်သူတစ်ပါးကိုမဟုတ်မမှန် လုပ်ကြံလိမ်ညာနေတဲ့သူဟာ လိမ်ရင်းလိမ်ရင်းနဲ့ ကာလကြာလာတာနဲ့အမျှ သူလိမ်နေတာတွေကိုပဲ သူကိုယ်တိုင်က အမှန်တကယ်တွေဖြစ်တယ်လို့ ယုံကြည်သွားတဲ့စိတ်ရောဂါမျိုး ဖြစ်တတ်တယ်တဲ့ဗျာ။ တစ်နည်းပြောရရင်လဲ သူ့ကိုယ်သူပြန်ပြီး လိမ်နေတယ်ဆိုတာ မသိတဲ့အထိ စိတ်မမှန်တော့တဲ့ ရောဂါတစ်မျိုးပေါ့ဗျာ။ အဲ- ဗုဒ္ဓတရားတော်ရဲ့ အလိုအရကတော့ စေတနံ ကမ္မံ ဘိက္ခဝေဆိုတဲ့ ပါဠိတော်နဲ့အညီ စေတနာနဲ့တူညီတဲ့ အကျိုးပေးမှု သက်ရောက်မှု ကံတရားပေါ့ဗျာ။

ရှင်းရှင်းလေးခင်ဗျ၊ ပေါက်စတို့ **နိုင်ငံရဲ့အနာဂတ်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်တည်ပေါ်ထွန်းလာရေးအတွက် ချမှတ်ထားတဲ့ အမျိုးသားရေးမူဝါဒတွေ၊ ဦးတည်ချက်တွေနဲ့ နိုင်ငံတော်က ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ အညီ မြန်မာပြည်သူတွေဟာ နိုင်ငံတော်ရဲ့ ဦးဆောင်မှုကိုခံယူပြီး နိုင်ငံတည်ဆောက်ရေးတာဝန်တွေ ကျေပွန်စွာ ထမ်းဆောင်နေကြလို့ နိုင်ငံရေး မျက်နှာစာမှာ အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနိုင်တဲ့အထိ အောင်မြင်မှုရနေ**သလို စီးပွားရေးမျက်နှာစာမှာလဲ အင်အားကြီးနိုင်ငံအချို့က တစ်ပါတီ ပုဂ္ဂိုလ်တစ်ဦးအတွက် စီးပွားရေးလက်နက်နဲ့ ဖိအားပေး အကျပ်ကိုင်နေပေမယ့် မြန်မာပြည်သူ တစ်ဦးတစ်ယောက်မျှ ထမင်းငတ်ပြီးသေတာ မရှိပါဘူးခင်ဗျာ။ အိုးမဲ့အိမ်မဲ့ဘဝနဲ့ လမ်းဘေးမှာအိပ်ရင်း ရာသီဥတုဒဏ်ကြောင့် သေတာမျိုးလဲ မရှိပါဘူးခင်ဗျာ။ ပညာရေးနဲ့ယဉ်ကျေးမှု မျက်နှာစာတွေမှာ ဘယ်လောက်တိုးတက်တယ်ဆိုတာ ပေါက်စပြောရလွန်းလို့ အပ်ကြောင်း မထပ်လိုတော့ဘူးဗျ။

ရိုးရိုးလေး ပြောပါ့မယ်ခင်ဗျ၊ ပေါက်စတို့ မြန်မာနိုင်ငံအနေနဲ့ မျှော်မှန်းထားသလောက် စီးပွားရေးအခြေခံတွေ တည်ဆောက်နိုင်ခဲ့ပေမယ့် အင်အားကြီးနိုင်ငံအချို့ရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေ အကြောင်းပြပြီး ပုဂ္ဂိုလ်တစ်ဦး၊ ပါတီတစ်ခုအတွက် စီးပွားရေးလက်နက်နဲ့ ဖိအားပေးပိတ်ဆို့နေလို့ စီးပွားရေးတိုးတက်မှု နှောင့်နှေးခဲ့တာ အမှန်ပဲခင်ဗျ။

အဲသလိုပဲ အနောက်အုပ်စု အင်အားကြီးနိုင်ငံအချို့မှာကော စီးပွားရေးကျဆင်းတာတွေ၊ ဆင်းရဲချမ်းသာကွာဟမှု ပိုပြီး နက်ရှိုင်းကျယ်ပြန့်လာတာတွေ မရှိဘူးလားဗျာ။ အဲ-ခြားနားမှုတော့ ရှိသပေါ့ဗျာ၊ ပေါက်စတို့ နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုနှေးကွေးတာက အင်အားကြီးနိုင်ငံအချို့ရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံငယ်အပေါ် ကျူးကျော်စွက်ဖက် ဗိုလ်ကျအနိုင်ကျင့် နှောင့်ယှက်တဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့် ဖြစ်တယ်ဗျာ။ အဲ-အင်အားကြီးနိုင်ငံအချို့ရဲ့ စီးပွားရေးကျဆင်းမှုနဲ့ ဆင်းရဲချမ်းသာကွာဟမှု နက်ရှိုင်းကျယ်ပြန့်လာတာတွေကတော့ သူတစ်ပါးနိုင်ငံအပေါ် စစ်ရေးအရ ကျူးကျော်စွက်ဖက်တဲ့ အကျိုးဆက်အဖြစ် စစ်စရိတ်တွေ မတန်တဆ ကုန်ကျလာတဲ့အပြင် သူတစ်ပါးနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အကျပ်ကိုင်ခဲ့တဲ့အတွက် နိုင်ငံတကာဈေးကွက်နဲ့ စီးပွားရေးဆက်ဆံမှုတွေ ကျဉ်းမြောင်းလာပြီး ဝင်ငွေကျဆင်းလာတာပဲဖြစ်သဗျ။ ပြောကြစတမ်းဆိုရင် စီးပွားရေး ကျဆင်းတာချင်းအတူတူ ဘယ်သူ သိက္ခာရှိသလဲဗျာ။

ထိုနည်းလည်းကောင်းပါပဲ၊ ပေါက်စတို့နိုင်ငံအနေနဲ့ ဆင်းရဲချမ်းသာ ကွာဟမှုရှိသပေါ့ဗျာ။ အဲ-မတူခြားနားတာကတော့ ရိုးရိုးသားသားလုပ်ကိုင်ရှာဖွေစားသောက်နေထိုင်ကြတဲ့ ဆင်းရဲသားနွမ်းပါးသူတွေအနေနဲ့ ထမင်းနပ်မှန်အောင်စားနေရသလို နေရေးထိုင်ရေးလဲ သူ့အထိုက်အလျောက် လုံလောက်ပြည့်စုံမှုရှိပါတယ်ခင်ဗျ။ ပြောစရာရှိတာကတော့ နိုင်ငံရေးပါတီအချို့ရဲ့ ပါတီခေါင်းဆောင်ဆိုသူများနဲ့ ပါတီဝင်အချို့ရဲ့ ဆင်းရဲချမ်းသာ ကွာခြားမှုကတော့ နက်ရှိုင်းကျယ်ပြန့်နေသလားလို့ ပေါက်စ ခံစားမိသဗျ။

ဘာလို့လဲဆိုတော့ ပါတီအချို့ရဲ့ ခေါင်းဆောင်အချို့အနေနဲ့ ပင်စင်စားရိက္ခာရပုဂ္ဂိုလ်ကြီးတွေဖြစ်ပြီး ခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းကိုင်ငန်းကြီးတွေ ရှိကြသလို အချို့သော ပါတီခေါင်းဆောင်ဆိုသူများကတော့ ပြည်ပနိုင်ငံအချို့ရဲ့ သူတို့အကျိုးစီးပွားအတွက် မျှော်မှန်းချက်နဲ့ သွယ်ဝိုက်ထောက်ပံ့တာတွေ၊ တိတ်တခိုး ထောက်ပံ့တာတွေ ရနေကြတော့ စားဝတ်နေရေး၊ ကျန်းမာရေး အပါအဝင် အစခပ်သိမ်း ပြည့်စုံပြီး ကျန်းမာပကတိ ချမ်းသာစွာ ရှိနေကြသဗျ။

သို့သော်လဲပေါ့လေ၊ အချို့အချို့သော ပါတီဝင်များအနေနဲ့ မိုးလင်းက မိုးချုပ်အထိ ပါတီရုံးရှေ့မှာ ထိုင်ကြတာတို့၊ ဘုရားပေါ် တန်းစီပြီး တက်ကြတာတို့၊ ပန်းခြံထဲသွားတာတို့၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဒီမိုကရေစီ အူကြောင်ကျား တရားဟော လေပစ်တာတို့၊ စာရွက်ဖြန့်ဝေတာတို့ အဲသဟာမျိုးတွေ လုပ်ရင်းနဲ့ လက်ကြောမတင်းဘဲ ဘာအလုပ်မျှ မလုပ်တဲ့ ဒီမိုကရေစီ ပုတ်သင်ညိုတွေဘဝနဲ့ အချိန်ကုန်နေကြတော့ ဖိနပ်ပါးပြီးထီးဖြူ လူရာမဝင်တဲ့ ပြဿနာဟာ နိုင်ငံတော်နဲ့ လုံးဝလုံးဝ မဆိုင်ပါဘူးခင်ဗျာ။ အဲသလိုမျိုး ဆင်းရဲချမ်းသာ ကွာဟမှုကတော့ ဆိုင်ရာဆိုင်ရာ ပါတီခေါင်းဆောင်များနဲ့ ပါတီဝင်များရဲ့ ဘယ်သူမပြု မိမိမှုပဲ ဖြစ်ပါတယ်ခင်ဗျာ။ မိသားစုအကျိုးအတွက် စီးပွားရေးကိုမှ ဇောက်ချမလုပ်ဘဲ တစ်နေ့လဲ ယောင်ဝါးဝါး၊ တစ်နေ့လဲ ယောင်ဝါးဝါး လုပ်နေတဲ့သူတွေ ဘယ်မှာလာပြီး အလိုအလျောက် ချမ်းသာလာမှာလဲ ခင်ဗျာ။

ကဲ-ပေါက်စ စကားကို အနားသတ်ပါတော့မယ်ခင်ဗျာ။ ၂၀၀၄ခုနှစ် ဩဂုတ်လ၂၅ရက်နေ့ ည၈နာရီ၁၅မိနစ်မှာ ဘီဘီစီက ထုတ်လွှင့်သွားတဲ့မြန်မာ့အရေး၊ ကမ္ဘာ့အရေးကဏ္ဍ တင်ပြချက်ဆိုတဲ့ ဗျူးခန်းဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ယဉ်ကျေးမှုတွေကို ပကတိအရှိတရားအရ မကြည့်မမြင်ဘဲ ဆင်ခြင်တုံတရား ခေါင်းပါးဆွံ့အစွာ လုပ်ကြံလီဆယ်ပုတ်ခတ်တာဖြစ်တဲ့အတွက် **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** လို့ ပေါက်စက ထောက်ပြပြီး စလောင်းမတပ်ဘဲ မောင်းခတ်ကြေညာလိုက်ပါတယ်ခင်ဗျား။ ။

နိုင်ငံရဲ့ အနာဂတ်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်တည်ပေါ်ထွန်းလာရေးအတွက် ချမှတ်ထားတဲ့ အမျိုးသားရေး မူဝါဒတွေ၊ ဦးတည်ချက်တွေနဲ့ နိုင်ငံတော်က ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ အညီ မြန်မာပြည်သူတွေဟာ နိုင်ငံတော်ရဲ့ ဦးဆောင်မှုကိုခံယူပြီး နိုင်ငံတည်ဆောက်ရေး တာဝန်တွေ ကျေပွန်စွာ ထမ်းဆောင်နေကြလို့ နိုင်ငံရေး မျက်နှာစာမှာ အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနိုင်တဲ့အထိ အောင်မြင်မှုရနေ။

တွံတေးမြို့နယ် ဘုရားကြီး အလက၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမအောင်က အဋ္ဌမတန်းတွင် ဘက်စုံပထမဆုရ မောင်ကျော်သူဝင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန်အတွက် ဒေါ်ခင်အုန်း၊သားကိုကျော်ဇော၊ သမီးမခင်ဆွေနိုး၊ မြေး မောင်လင်းထက်ကျော်၊ မသင်းယုလှိုင်၊ အမှတ် ဝဝ၆/ဝဝ၇ တိုက် ၅ ပုဇွန်တောင် ဥယျာဉ်အိမ်ရာ ရွှေရည်ဝင်း-ဝင်းဝင်းရွှေ ရွှေဆိုင်က ငွေကျပ်သုံးသိန်းကို နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စက်တင်ဘာ ၁၄ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၁၈ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁၄

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

စက်တင်ဘာ ၁၄ ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၁၈ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၆၈ဦးမှာ တိုက်ပွဲ ၌ သေဆုံးပြီး ၂၅၀မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၅ဦး၊ အီတလီ ၁၈ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။ သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၇၇ဦးဖြစ်ပြီး ယင်းအနက် ၆၅၆ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၂၁ဦးမှာ အခြားအကြောင်းများကြောင့်သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

စားစာခံအဖြစ် အဖမ်းခံရသူခုနစ်ဦး ပြန်လည်လွတ်မြောက်လာ

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက လွန်ခဲ့သည့် လ၌ ဖမ်းဆီးသွားခဲ့သော တူရကီ၊ အီရတ်နှင့်အခြားအာရပ်များပါဝင်သော ဓားစာခံခုနစ်ဦး တနင်္ဂနွေနေ့က လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

လွှတ်ပေး

ဘဂ္ဂဒက်မြောက်ဘက်ရှိ ဘေဂျီမြို့တွင် ရဲအဖွဲ့က ၎င်းတို့အား တွေ့ရှိပြီး လွှတ်ပေးလိုက်ချိန်၌ ၎င်းတို့သည် ကားများအတွင်း၌ ဖမ်းဆီးခြင်းခံထားရသည်ဟု ဆိုသည်။

ဖမ်းဆီး

ရဲအဖွဲ့က ပြန်ပေးသမားသုံးဦးကို ဖမ်းဆီးရမိလိုက်သည်။ ထိုပြန်ပေးသမားများသည် နိုင်ငံရေးကြောင့် ပြန်ပေးဆွဲခြင်း မဟုတ်ဘဲ ဓားစာခံများကို ပြန်ရွေးရန် ငွေတောင်းခဲ့ကြသူများ ဖြစ်သည်။

ဖိအားပေးရန်

လွန်ခဲ့သည့်လများအတွင်း၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် နိုင်ငံခြားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် သို့မဟုတ် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ အီရတ်တွင် ရပ်ဆိုင်းရန်အတွက် အစိုးရအား ဖိအားပေးရန် ပြန်ပေးဆွဲခြင်းများ ပြုလုပ်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

တာလ်အာဖာမြို့ပြင်တွင် အီရတ်တစ်ဦးအား ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်အစိုးရ ပိုလ်ကျစိုးမိုးရေးဝါဒ ကျင့်သုံးခဲ့ ကျူးဘားသတင်းစာ ဂရန်မာက ဝေဖန်ရေးသား

ဟာဗားနား စက်တင်ဘာ ၁၃

နယူးယောက်နှင့် ဝါရှင်တန် တိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် သုံးနှစ်ကြာလာသည့်အချိန်တွင် သမ္မတဂျော့ဒဗလျူဘုရှ်၏ အမေရိကန်အစိုးရသည် လူသေစေမှု၊ လူမျိုးရေး စိတ်ဓာတ်ပြင်းထန်မှု၊ ဗိုလ်ကျစိုးမိုးမှု၊ သိမ်းပိုက်မှုနှင့် ကိုလိုနီပြုမှုစသည့် ဗိုလ်ကျစိုးမိုးရေးဝါဒတို့ကို ကျင့်သုံးခဲ့ကြောင်း ကျူးဘားသတင်းစာ ဂရန်မာက စနေနေ့၌ ဝေဖန်ရေးသားလိုက်သည်။

ပျက်စီးခဲ့

အကြမ်းဖက်မှု ဆန့်ကျင်ရေးစစ်ပွဲသည် ကမ္ဘာ့အဆင်းရဲဆုံး တစ်နိုင်ငံဖြစ်သော အာဖဂန်နစ္စတန်၌ စတင်ခဲ့ကြောင်း၊ ထိုအာဖဂန်နစ္စတန်နိုင်ငံ၌ လူထောင်ချီသေဆုံးခဲ့ရပြီး မြို့ကြီးအများအပြား ပျက်စီးခဲ့ရကြောင်း၊ သို့ပေသည့် ဘုရှ်သည် ယခုတိုင်အိုဆမာဘင်လာဒင်ကို မတွေ့သေးဘဲရှိကြောင်း သတင်းစာက ဓာတ်ကြောင်း ပြန်ဖော်ရေးသားသည်။

ကြီးထွားလာ

အာဖဂန်နစ္စတန်သည် ယခုအထိတိုင် နိုင်ငံခြားတပ်ဖွဲ့များ၏ သိမ်းပိုက်ခြင်းကို ခံနေရဆဲဖြစ်ကာ နိုင်ငံမှာ ဖွတ်သည်ထက် ညစ်ဖြစ်နေရကြောင်း၊ နိုင်ငံသည် တည်ငြိမ်အေးချမ်းမှုမရှိသည့်ပြင် ဘိန်းထုတ်လုပ်မှုမှာလည်း ကြီးထွားလာကြောင်း သတင်းစာက ဆက်လက် ရေးသားဖော်ပြခဲ့သည်။

အဓိကအချက်

အီရတ်နိုင်ငံ၌ နျူကလီးယားနှင့် ဓာတုလက်နက်များ ရှိသည်ဆိုသော လိမ်ညာမှုအပေါ် အခြေခံပြီး ရန်သူအီရတ်ကို လုပ်ကြံရန်မှာ ရေနံသည် အဓိက အကြောင်းအချက်ဖြစ်ခဲ့ကြောင်း ဂရန်မာက ထောက်ပြရေးသားခဲ့သည်။

စက်တင်ဘာ ၁၁ရက်နောက်ပိုင်း သုံးနှစ်ကြာလာသည့်အချိန်တွင် ဘုရှ်၏ ထိပ်တိုက်ရင်ဆိုင်သော မူဝါဒသည် လူသားများကို ပိုမိုမလုံခြုံစေကြောင်းလည်း သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်–အာဆီယံကုန်စည်ပြပွဲ ဗီယက်နမ်အထူးစိတ်ဝင်စား

နန်နင် စက်တင်ဘာ ၁၃

တရုတ်နိုင်ငံတောင်ပိုင်းတွင် ကွမ်စီကျောင် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ မြို့တော်နန်နင်တွင် နိုဝင်ဘာ၃ရက်မှ ၆ရက်အထိကျင်းပမည့် တရုတ်–အာဆီယံ ကုန်စည်ပြပွဲကို ဗီယက်နမ်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များက အထူးစိတ်ဝင်စားကြောင်း နန်နင်ဆိုင်ရာ ဗီယက်နမ်ကောင်စစ်ဝန်ချုပ် ထရန်ဒိုင်ဟေးက နန်နင်မြို့၌ ပြောကြားလိုက်သည်။

တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်စေရန် အလွန်အရေးကြီးသည်ဟု ဗီယက်နမ် အစိုးရက မှတ်ယူကြောင်း ထရန်ဒိုင်ဟေးက ပြောကြားသည်။ ထို့ပြင် မကြာခဏ အဆင့်မြင့် လည်ပတ်မှုများနှင့် ကျယ်ပြန့်သော နယ်ပယ်များတွင် အပြန်အလှန် ဖလှယ်မှုများ ပြုလုပ်ခြင်းဖြင့် မကြာသေးမီနှစ်များအတွင်း၌ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်မြင့်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်းလည်း ထရန်ဒိုင်ဟေးက ပြောကြားသည်။

တရုတ်စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်ဆက်သွယ်မှု လုပ်နိုင်သော အခွင့်အလမ်းများ ရရှိနိုင်သည့် အဆိုပါ ကုန်စည်ပြပွဲကို ဗီယက်နမ် စီးပွားရေး လုပ်ငန်းရှင်များက အထူးစိတ်ဝင်စားကြောင်းလည်း ထရန်ဒိုင်ဟေးက ပြောဆိုသည်။

ပါဝင်ဆောင်ရွက်မည်

အာဆီယံနှင့် တရုတ်စီးပွားရေး ဆက်ဆံမှုများကို ဆက်စပ်ရာတွင် ဗီယက်နမ်နိုင်ငံသည် အရေးပါသော ကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထရန်ဒိုင်ဟေးက ဆက်လက်ပြောကြားသည်။

ကုန်သွယ်နိုင်ငံ

တရုတ်နိုင်ငံသည် အမေရိကန်နှင့် ဂျပန်နိုင်ငံပြီးလျှင် ဗီယက်နမ်၏ တတိယအကြီးမားဆုံး ကုန်သွယ်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ယခုနှစ်၌ ဒေါ်လာ ၅ဘီလီယံအထိ ဖြစ်ဖွယ်ရှိသည်။ ကုန်သွယ်ရေးဆက်ဆံမှုများအပြင် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့သည် ခရီးသွားလုပ်ငန်း၌လည်း အနီးကပ်ဆက်ဆံမှုများရှိခဲ့ရာ နှစ်စဉ် တရုတ်လူမျိုး ၆၀၀၀၀၀ နီးပါး ဗီယက်နမ်သို့ လာရောက်လည်ပတ်ခဲ့ကြသည်။ **အင်တာနက်၊ဆင်ဟွာ**

တရုတ်လူငယ် ရိုးတွင်းခြင်ဆီ အလှူရှင် သွေးကင်ဆာလူနာအတွက် ခြင်ဆီလှူဒါန်း

ဖူဇို စက်တင်ဘာ ၁၃

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ်တွင် အသက်အငယ်ဆုံး ရိုးတွင်းခြင်ဆီ အလှူရှင်ဖြစ်သူ အသက် ၁၉ နှစ်ရှိ ကောလိပ်ကျောင်းသားတစ်ဦးသည် သွေးကင်ဆာရောဂါဝေဒနာခံစားနေရသော လူနာတစ်ဦးအား ပေကျင်း၌ လွန်ခဲ့သည့် ကြာသပတေးနေ့က ရိုးတွင်းခြင်ဆီ လှူဒါန်းခဲ့သည်။

လှူဒါန်း

ဆီမင်းစီးတီးရှိ နန်ယန်ကောလိပ်တွင် စီးပွားရေးစီမံခန့်ခွဲမှု အဓိကဘာသာရပ်ဖြင့် သင်ကြားလျက်ရှိသော ကျန်လင်ကျင်းသည် ပြည်နယ်မြို့တော် ဖူကျိုရှိ ယူနီယံဆေးရုံ၌ ရိုးတွင်းခြင်ဆီ ၁၀၀ကျူ့ဘစ်စင်တီမီတာ လှူဒါန်းခဲ့သည်။ ရိုးတွင်းခြင်ဆီစုဆောင်းမှုမှာ ရှစ်နာရီမျှသာခံသဖြင့် ခြင်ဆီကို ပေကျင်းသို့ အဲယားချိုင်းနားလေယာဉ်ဖြင့် အမြန်ပို့ဆောင်ခဲ့ရကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖော်လူဂျာမြို့အား အမေရိကန်တို့က လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို စက်တင်ဘာ ၁၃ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘောဒီးယားနှင့်ဒေသတွင်း အာဆီယံ၏ခွန်အား ဝန်ကြီးချုပ်ဟွန်ဆန် အလေးအနက်ထား

ဖနောင်ပင် စက်တင်ဘာ ၁၄

ကမ္ဘောဒီးယားနိုင်ငံနှင့် ဒေသ၏ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် တိုးတက်ကြီးပွားမှုအတွက် အာဆီယံ၏အရေးကြီးသော ခွန်အားကို ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆန်က အလေးအနက်ထားကြောင်း တနင်္လာနေ့၌ ဆင်ဟွာသတင်းဌာနက သတင်းဖော်ပြလိုက်သည်။

ကမ္ဘောဒီးယားအစိုးရသည် အာဆီယံအတွင်းအသင်းဝင်ဖြစ်မှုကို ဦးစားပေးမူဝါဒအဖြစ်လည်းကောင်း၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးအတွက် မရှိမဖြစ်လိုအပ်ချက်အဖြစ်လည်းကောင်း အစဉ်သဘောထား၍ လုပ်ဆောင်ခဲ့ကြောင်း ဟွန်ဆန်က ပြောကြားသည်။

ပြောကြား

ဝန်ကြီးချုပ်ဟွန်ဆန်သည် အာဆီယံပါလီမန်များအဖွဲ့(အေအိုင်ပီအို)၏ (၂၅)ကြိမ်မြောက် အထွေထွေညီလာခံ၌ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ထိုသို့ မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒေသဆိုင်ရာအသင်းအဖြစ် အာဆီယံ၏အောင်မြင်မှုများကို အာမခံရာတွင် အရေးကြီးသောအချက် လေးရပ်သည် အခြေခံဖြစ်ကြောင်း ဟွန်ဆန်က ပြောကြားသည်။

ထွက်ပေါက်ဒေသ

ပထမဦးစွာ ဒေသကြီးပွားတိုးတက်စေရန် လုံခြုံမှု၊ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုရှိသည့် ဒေသဆိုင်ရာပတ်ဝန်းကျင်တစ်ရပ်ကို အာဆီယံက ဖန်တီးခဲ့ကြောင်း၊ ဒုတိယအနေဖြင့် အာဆီယံသည် ပူးပေါင်းဆောင်ရွက်မှုရှိသော ဒေသတစ်ခုဖြစ်သည့်အလျောက် အဖွဲ့ဝင်နိုင်ငံများအတွင်း အသိုက်အဝန်းစိတ်ဓာတ်ကို မြှင့်ပေးရာတွင် အရေးပါသောကဏ္ဍတစ်ရပ်ကို ဆောင်ရွက်ခဲ့ကြောင်း၊ တတိယအနေဖြင့် အာဆီယံသည် ခိုင်မာသောစီးပွားရေး တိုးတက်ကြီးပွားမှုအတွက် ထင်ရှားသောဒေသဖြစ်ရာ လွန်ခဲ့သည့် နှစ် ၃၀ အတွင်း အဓိကစီးပွားရေးတိုးတက်ရာဌာနကြီးဖြစ်ကြောင်း၊ စတုတ္ထအနေဖြင့် အာဆီယံသည် သံတမန်ရေးနှင့် အဓိကနိုင်ငံတကာဆိုင်ရာ ထွက်ပေါက်ဒေသဖြစ်ကြောင်း ဟွန်ဆန်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အာဆီယံလေးနိုင်ငံ ပေါင်းစည်းရေးလုပ်ငန်းစဉ် အမြန်အကောင်အထည်ဖော်ရန် ဖိလစ်ပိုင်သမ္မတဟောင်းတိုက်တွန်း

မနီလာ စက်တင်ဘာ ၁၃

အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးဒေသ ထူထောင်သည့် ရေရှည်ရည်မှန်းချက်များဖြင့် အာဆီယံလေးနိုင်ငံအတွင်း ပေါင်းစည်းရေးလုပ်ငန်းစဉ်ကို မြန်မြန်ထက်ထက်လုပ်ဆောင်ရန်ဖိလစ်ပိုင်သမ္မတဟောင်း ဖီဒယ်လ်ဗီရာမို့စ်က တိုက်တွန်းလိုက်သည်။

မှတ်ချက်ပြု

ရာမို့စ်သည် မလေးရှားနိုင်ငံ ဆာဘားတွင်ကျင်းပသော နိုင်ငံတကာဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ ညီလာခံကို တက်ရောက်ခဲ့ပြီးနောက် ပြန်ရောက်လာရာတွင် ထိုသို့မှတ်ချက်ပြု ပြောဆိုလိုက်ခြင်းဖြစ်သည်။

အရှိန်မြှင့်

လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းပို့ဆောင်ရေး၊အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေးစံချိန်စံညွှန်းများကဲ့သို့ အဓိကနယ်ပယ်များတွင် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်လုပ်ဆောင်ခြင်းဖြင့် ဒေသတွင်း ကြီးပွားတိုးတက်ရေး အစီအစဉ်တစ်ရပ်ကို အသက်ပြန်သွင်းပေးရန် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်(ဘင့်မ်)နိုင်ငံတို့ လုပ်ဆောင်ကြောင်း ရာမို့စ်က ပြောကြားသည်။

တိုးတက်စေမည်

ယင်းသည် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုလွတ်လပ်စွာ လှုပ်ရှားစီးဆင်းစေနိုင်ပြီး ဘင့်မ်နိုင်ငံများ၏ ပြည်သူများနှင့် စီးပွားရေးပေါင်းစည်းမှုကို တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ရာမို့စ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စင်ကာပူတွင် ကလေးငယ်များ အင်တာနက်ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုသည် အမြင့်မားဆုံး အခြေအနေသို့ ရောက်ရှိနေသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

အာဆီယံနှင့်တရုတ် ပိုမိုပူးပေါင်းဆောင်ရွက်မည်

ဖနောင်ပင် စက်တင်ဘာ ၁၄

တရုတ်နိုင်ငံသည် စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ သိပ္ပံနှင့် နည်းပညာ ယဉ်ကျေးမှုနှင့် အခြားနယ်ပယ်များတွင် အာဆီယံနှင့် အနုစ်သာရ ပြည့်စုံစွာ ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်အဆင့်မြင့် အရာရှိတစ်ဦးက ဖနောင်ပင်မြို့၌ တနင်္လာနေ့က ပြောကြားလိုက်သည်။

ပြောကြား

အာဆီယံ ပါလီမန်များအဖွဲ့ (အေအိုင်ပီအို)၏ (၂၅)ကြိမ်မြောက် အထွေထွေညီလာခံ၌ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် (အင်ပီစီ)၏ နိုင်ငံခြားရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌဝမ်ယင်ဖန်က မိန့်ခွန်းပြောကြားရာတွင် တရုတ်နိုင်ငံသည် အာဆီယံ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနှင့် အပေါင်းအဖော်ကောင်း အစဉ်ဖြစ်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

အင်ပီစီသည် အေအိုင်ပီအိုနှင့် ပူးတွဲကြိုးပမ်းရန် အသင့်ရှိသည့်ပြင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကို ရှေ့သို့ဆက်လက် တွန်းအားပေးရန်နှင့် မိမိတို့ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြီးပွားတိုးတက်ရေးကိုပေးဆောင်သွားရန် အသင့်ရှိကြောင်း ဝမ်က ပြောကြားသည်။

အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်ယုံကြည် ကိုးစားမှုတို့ တိုးတက်ခဲ့သည့်ပြင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် တရုတ်နှင့် အာဆီယံနိုင်ငံတို့၏ ကုန်သွယ်မှုသည်လည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပဉ္စမမြောက်ကုန်သွယ်ဖက်

၂၀၀၃ ခုနှစ်အတွင်း တရုတ်နှင့် အာဆီယံတို့၏ ကုန်သွယ်မှု ပမာဏသည် ဒေါ်လာ ၇၂ဒသမ၈၅ ဘီလီယံဖိုးရှိခဲ့ကြောင်း ဝမ်ကပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် အာဆီယံ၏ စတုတ္ထအကြီးဆုံး ကုန်သွယ်ဖက် ဖြစ်ပြီး အာဆီယံမှာ တရုတ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက် နိုင်ငံများအတွင်း ပဉ္စမမြောက် ကုန်သွယ်ဖက်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နှင့် ယီမင်နိုင်ငံ နှစ်နိုင်ငံကိစ္စရပ်များ ဆွေးနွေး

ဆာနာ စက်တင်ဘာ ၁၃

ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလီသည် သုံးရက်ကြာ အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံအပြန်အလှန်သက်ဆိုင်သည့် ကိစ္စရပ်များကို စနေနေ့က ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေး

တရုတ်နှင့်ယီမင်တို့သည် နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုကို ထိန်းသိမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ထောက်ခံခဲ့ကြကြောင်း တွေ့ဆုံပွဲအတွင်း လီက ပြောကြားသည်။ တရုတ်ပြည်သည် ရှေ့ဆက်လက်၍လည်း ယီမင်နိုင်ငံနှင့် နှစ်နိုင်ငံမိတ်ဝတ်မပျက် ဆက်ဆံရန်ဆန္ဒရှိကြောင်း လီက ပြောဆိုသည်။ အလည်အပတ်ရောက်ရှိနေစဉ်အတွင်း လီသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ယီမင်တွင်တရုတ်ပြည်က ရင်းနှီးမြှုပ်နှံရေးနှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များကို ယီမင်ဝန်ကြီးချုပ် အဗ္ဗဒူကာဒါဘာဂျမ်မေးလ် အပါအဝင် အခြား ယီမင်ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တည်ဆောက်

တရုတ်နိုင်ငံ ပေကျင်းမြို့လယ်၌ ဆောက်လုပ်ရေး လုပ်သားများက ရောမပန်းစည်းပုံသဏ္ဍာန်အဆောက်အအုံတစ်ခု တည်ဆောက်နေသည်ကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေးကာကွယ်ရန် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြောကြား

ဖနောင်ပင် စက်တင်ဘာ ၁၄

ဒေသတွင်း ငြိမ်းချမ်းမှု၊တည်ငြိမ်မှုနှင့် ပေါင်းစည်းညီညွတ်မှုကို ကာကွယ်သွားရန်အတွက် အကြမ်းဖက်မှုနှိမ်နင်းရေးကြိုးပမ်းမှုများကို ခိုင်မာတောင့်တင်းအောင် လုပ်ဆောင်ကြရန် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မင်းသားနိုရိုဒွန်ရာနာရစ်က တနင်္လာနေ့၌ တိုက်တွန်းလိုက်သည်။

ခြိမ်းခြောက်အန္တရာယ်ပေးလာနိုင်

မိမိတို့ဒေသကို ခြိမ်းခြောက်အန္တရာယ်ပေးသည်မှာ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများသာမဟုတ်ဘဲ နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှုသည်လည်း မိမိတို့ဒေသကို အချိန်မရွေး ခြိမ်းခြောက် အန္တရာယ်ပေးလာနိုင်ကြောင်း အာဆီယံပါလီမန်များအဖွဲ့(အေအိုင်ပီအို)ဥက္ကဋ္ဌဖြစ်သော မင်းသား ရာနာရစ်က ပြောကြားသည်။

အဖွင့်မိန့်ခွန်းပြောကြား

လုံခြုံရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်၊ ပြန်ကြားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုကဲ့သို့ ဒေသဆိုင်ရာ ပြဿနာအမျိုးမျိုးအပေါ် အဓိကဆွေးနွေးမည့် အေအိုင်ပီအို၏ (၂၅)ကြိမ်မြောက် အထွေထွေညီလာခံတွင် တနင်္လာနေ့က အဖွင့်မိန့်ခွန်းပြောကြားရာ၌ ရာနာရစ်က ယင်းသို့ ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ပျက်စီး

ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ရဟတ်ယာဉ်တစ်စင်းပေါ်မှ ပစ်ခတ်မှုကြောင့် ဟိုင်ဖာလမ်းမကြီးရှိ ပျက်စီးသွားသော အိမ်တစ်လုံးကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တာလ်အာဖာကိုတိုက်ခိုက်မှု ကန့်တို့မရပ်လျှင် ပူးပေါင်းဆောင်ရွက်မှုရပ်ဆိုင်းမည်ဟု တူရကီသတိပေး

ဖော်လူဂျာ စက်တင်ဘာ ၁၄

တူရကီလူမျိုးများရှိရာ တာလ်အာဖာမြို့ကို အမေရိကန်တပ်များ တိုက်ခိုက်နေမှုမရပ်လျှင် အီရတ်နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း တူရကီနိုင်ငံက အမေရိကန်ပြည်ထောင်စုအား သတိပေးလိုက်ချိန်တွင် အမေရိကန်ဂျက်တိုက်လေယဉ်များက ဖော်လူဂျာမြို့အား ထပ်မံတိုက်ခိုက်ခဲ့ကြသဖြင့် လူ ၁၅ဦး သေဆုံးခဲ့ရသည်။

သေဆုံးသူအလောင်း ၁၅လောင်း မိမိတို့လက်ခံရရှိခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် လူနာတင်ကားမောင်းသူတစ်ဦး၊ သူနာပြုနှစ်ဦးအပြင် ဗုံးကြဲတိုက်ခိုက်ခြင်းခံရချိန်က လူနာတင်ကားထဲ၌ ရှိနေကြသော ဒဏ်ရာရထားသူ ငါးဦးပါဝင်ကြောင်း ဖာလာအဗ္ဗဒူလာဆိုသူက ပြောကြားသည်။

မိမိ ပေါက်ကွဲသံကြီးကြားလိုက်ရပြီး စက္ကန့်ပိုင်းအကြာ၌ သချိုင်းသို့ အလောင်းများ သယ်ဆောင်လာသောကားမှာ မီးလောင်နေပြီး အတွင်း၌ မီးလောင်ကျွမ်းထားသော အလောင်းများကို မိမိတွေ့ရကြောင်း အေအက်ဖ်ပီသတင်းထောက်က ပြောကြားသည်။ ခုခံတိုက်ခိုက်ရေးသမားတို့၏ အခိုင်အမာစခန်းကို အမေရိကန်တို့က လေကြောင်းမှ ယခုနောက်ဆုံး တိုက်ခိုက်မှုတွင် လူ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။ မိမိတို့အနေအထားမှာ တိကျပြတ်သားကြောင်း အကယ်၍ အမေရိကန်တို့က ဆက်ပြီးတိုက်နေမည်ဆိုပါလျှင် တူရကီနိုင်ငံသည် အီရတ်နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုအားလုံးကို ရပ်ဆိုင်းပစ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလ်ဂါလ်က ပြောကြားသည်။ **(အင်တာနက်)**

ကနေဒါသတင်းထောက်တစ်ဦး ပြန်ပေးဆွဲခံခဲ့ရရာမှ လွတ်မြောက်လာ

အော့တဝါ စက်တင်ဘာ ၁၃

ကနေဒါအလွတ်သတင်းထောက်တစ်ဦးက အီရတ်တွင် လွန်ခဲ့သည့်အပတ်၌ မိမိခေတ္တခဏပြန်ပေးဆွဲအဖမ်းခံခဲ့ရပြီး အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့လက်သို့ လွှဲပြောင်းပေးခြင်းခံခဲ့ရကြောင်း၊ ၎င်းတို့က မိမိအား ရိုက်နှက်ကြပြီး သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း တနင်္လာနေ့က ပြောကြားလိုက်သည်။

စွပ်စွဲ

တိုက်ပွဲသတင်းများကို ရယူသော သတင်းထောက် စကော့တေလာက ငါးရက်ကြာ အဖမ်းခံခဲ့ရပြီးနောက် တနင်္ဂနွေနေ့၌ မိမိအားလွှတ်ပေးခဲ့ကြောင်း၊ မိမိအားဖမ်းဆီးသူများက မိမိသည် အစ္စရေး မော့ဆက်ထောက်လှမ်းရေးအဖွဲ့၏ သူလျှိုဟုစွပ်စွဲကြကြောင်း ပြောကြားသည်။

ရိုက်နှက်ခဲ့

ငါးရက်ကြာမျှ မိမိအား ဖမ်းဆီးထားစဉ် သုံးကြိမ်မျှ သတ်ပစ်မည်ဟု ၎င်းတို့က ပြောဆိုခဲ့ကြောင်း၊ တစ်နေ့တာမျှ မိမိရိုက်နှက်ခံခဲ့ရပြီး နောက်နေ့၌ သတ်ပစ်မည်ဟု မိမိအားပြောခဲ့ကြောင်း၊ နောက်ဆုံး၌ မိမိအား ၎င်းတို့စိတ်ပျက်လာပြီး သွားခွင့်ပြုလိုက်ကြောင်း စကော့တေလာက ပြောကြားသည်။

အမေရိကန်တပ်များက တာလ်အာဖာကို တိုက်ခိုက်သည့်သတင်းကို ပို့ခဲ့ပြီးနောက် တာ့ခ်မင်းအုပ်စုတစ်စုက မိမိအား ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့၌ ဖမ်းဆီးခဲ့ကြောင်း တေလာက ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်လေဆိပ်လမ်းမပေါ်၌ ကန်စစ်ယာဉ်တန်းတိုက်ခိုက်ခံရ အမေရိကန် စစ်ယာဉ်သုံးစီး မီးလောင်ပျက်စီး

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ဘဂ္ဂဒက်မြို့၏လေဆိပ် လမ်းမကြီးပေါ်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာ ဟမ်းဗီးစစ်ယာဉ်သုံးစီးပျက်စီးပြီး ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း ဆင်ဟွာဓာတ်ပုံသတင်းထောက်က တနင်္ဂနွေနေ့၌ ပြောကြားသည်။

တိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့၏အနောက်ဘက်၌ တနင်္ဂနွေနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း၊ အမေရိကန်ဟမ်းဗီးစစ်ယာဉ်များ မီးလောင်နေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပျံဝဲနေ

အမေရိကန်တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်နိုင်ငံတကာဆိုင်ရာ လေဆိပ်လမ်းမကြီးကို ပိတ်ထားချိန်တွင် အမေရိကန်ရဟတ်ယာဉ်များက ကောင်းကင်၌ ပျံဝဲနေခဲ့ကြသည်ဟု ဆိုသည်။

အမေရိကန်စစ်ယာဉ်တန်း အတိုက်ခံရပြီး ဟမ်းဗီးစစ်ယာဉ်သုံးစီး မီးလောင်ကျွမ်းခဲ့ရာတွင် ထိခိုက်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များ အရေအတွက်ကို မသိရသေးဘဲရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ဓားစာခံအမျိုးသမီးနှစ်ဦးလွတ်မြောက်ရေး အီတလီနိုင်ငံခြားရေးဝန်ကြီး ကြိုးပမ်း

ကူဝိတ်စီးတီး စက်တင်ဘာ ၁၃

အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရက်တီနီသည် အရှေ့အလယ်ပိုင်းခရီးစဉ်၏ ပထမဦးဆုံးအဖြစ် ကူဝိတ်နိုင်ငံသို့ရောက်ရှိခဲ့ပြီး အီရတ်၌ ဓားစာခံအဖြစ် ဖမ်းဆီးခံရပြီး သတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်း ခံထားရသည့် အီတလီအမျိုးသမီးနှစ်ဦး လွတ်မြောက်ရေးအတွက် သံတမန်ရေးအရ အသစ်တစ်ဖန် ကြိုးပမ်းခဲ့သည်။

ပြီးခဲ့သည့်လ၌ ပြန်ပေးဆွဲခံရပြီး သတ်ပစ်ခြင်းခံခဲ့ရသော အီတလီသတင်းထောက်တစ်ဦး၏ အသက်ဘေးအန္တရာယ်လုံခြုံရေးကို မဆောင်ရွက်ခဲ့သဖြင့် အီတလီနိုင်ငံသည် ဝေဖန်ပြစ်တင်ခြင်းခံခဲ့ရသည်။

စေလွှတ်

ယခုအခါ လွန်ခဲ့သည့် အင်္ဂါနေ့၌ ဘဂ္ဂဒက်ရှိ ရုံးခန်းတွင်းမှ အတင်းဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသော ဆီမိုနာပါရီနှင့် ဆီမိုနာတိုရက်တာတို့နှစ်ဦး လွတ်မြောက်ရေးအတွက် အီတလီနိုင်ငံက နိုင်ငံခြားရေးဝန်ကြီး ဖရက်တီနီကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ထားခဲ့သည်။

ဆွေးနွေးမည်

ဖရက်တီနီသည် ကူဝိတ်ဝန်ကြီးချုပ် ရှိပ်ခ်ဆာဘာအယ်လ်အာမက်အယ်လ်ဆာဘာအပြင် အခြားအဆင့်မြင့် အရာရှိများနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း အီတလီသံရုံး ပြောခွင့်ရှိသူက ပြောကြားသည်။

လက်မခံ

အကယ်၍ အီတလီတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ မရုပ်သိမ်းခဲ့လျှင် ကူညီထောက်ပံ့ရေး အလုပ်သမားနှစ်ဦးအား သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည့် ခုခံတိုက်ခိုက်ရေးအုပ်စုက ၂၄နာရီရာဇသံပေးထားသည်ကို အီတလီနိုင်ငံက လက်မခံခဲ့ချေ။ **(အင်တာနက်)**

ဩစတြေးလျနှစ်ဦးနှင့် အရှေ့အာရှတိုက်သားနှစ်ဦးအား ပြန်ပေးဆွဲထားကြောင်း အီရတ် ခုခံတိုက်ခိုက်ရေးအုပ်စုကြေညာ

ဆာမာရာ စက်တင်ဘာ ၁၃

အီရတ်နိုင်ငံတွင် ဩစတြေးလျနှစ်ဦးနှင့် အရှေ့အာရှတိုက်သားနှစ်ဦးတို့အား ပြန်ပေးဆွဲထားကြောင်း ဆာမာရာရှိ ခုခံတိုက်ခိုက်ရေးအဖွဲ့က ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

အီရတ်ရှိ ဩစတြေးလျအကျိုးစီးပွားများကိုရပ်ဆိုင်းရန် ၂၄နာရီအချိန်ပေးထားကြောင်း၊ သို့မဟုတ်ပါက ဓားစာခံများအား သတ်ပစ်သည်ကို မြင်ရမည်ဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

ဘဂ္ဂဒက်မှ အီရတ်မြောက်ပိုင်းရှိ မိုဆူးလ်မြို့သို့သွားသော လမ်းမပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်ပိုင် အရပ်ဘက်ကားများကို မိမိတို့တပ်ဖွဲ့ဝင်များက ချုံခိုတိုက်ခဲ့ကြောင်း တနင်္လာနေ့ရက်စွဲဖြင့် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

အရေးကြီးပုဂ္ဂိုလ်များကို လုံခြုံရေးတာဝန်ယူဆောင်ရွက်ပေးသော ဩစတြေးလျနှစ်ဦးနှင့် အရှေ့အာရှတိုက်သားနှစ်ဦးတို့ကို ပြန်ပေးဆွဲထားကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေး စောင့်ကြပ်နေသော အီရတ်ပြောက်ကျားတစ်ဦးကို စက်တင်ဘာ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ပြန်ပေးဆွဲခံထားရသည့် တူရကီသတင်းထောက် လွတ်မြောက်လာ

အင်ကာရာ စက်တင်ဘာ ၁၃

အီရတ်တွင် ပြန်ပေးဆွဲခံခဲ့ရသော တူရကီဆာဘာ(နံနက်ခင်း) နေ့စဉ်သတင်းစာမှ သတင်းထောက်တစ်ဦးဖြစ်သူ ဖေနက်တကက်ဂရူးလ်မှာ လွတ်မြောက်လာပြီးဖြစ်ကြောင်း အနာတိုလီယာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

ထွက်ခွာ

တကက်ဂရူးလ်အား ဖမ်းဆီးထားသူများက အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ တူရကီသံတမန်ထံ ဒေသအာဏာပိုင်များ၏ အဆက်အသွယ်ဖြင့် လွှဲပြောင်းပေးခဲ့ကြောင်း သတင်းဌာနက ပြောကြားသည်။ ပြန်ပေးဆွဲရသည့်အကြောင်းကိုမသိရှိရပေ၊ တကက်ဂရူးလ်သည် အီရတ်မှ တူရကီသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သတင်းဌာနကပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး စက်မှုလုပ်ငန်းများဖွံ့ဖြိုးအောင်ဆောင်ရွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ မိမိတို့လုပ်ငန်းများ တိုးတက်သည်ထက်တိုးတက်အောင်ကြိုးစား တွေ့ကြုံလာသည့် မည်သည့်အခက်အခဲကိုမဆို စုစည်းညီညွတ်မှုဖြင့်ရင်ဆိုင်ကျော်လွှားဖြတ်သန်း

ရန်ကုန် စက်တင်ဘာ ၁၅

ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုမြို့ရှိ စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၌ ရွှေပြည်သာစက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုမြို့စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ရွှေပြည်သာစက်မှုမြို့အတွင်းရှိ လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်ညွန့်နှင့် ရွှေပြည်သာ စက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျိုးညိုနှင့်အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေပြည်သာစက်မှုမြို့ အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်စိန်နှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုမြို့အပိုင်း(၂)၊(၃)၊(၄)စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသန်းဌွေနှင့်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ရွှေပြည်သာစက်မှုမြို့အတွင်းရှိ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရွှေပြည်သာစက်မှုဇုန် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ကိုယ်စား ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်ညွန့်က ရွှေပြည်သာစက်မှုမြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း၊ စက်မှုမြို့အတွင်းရှိ စက်ရုံများနှင့်လုပ်ငန်း အမျိုးအစား ရင်းနှီးမြှုပ်နှံမှု၊ လုပ်သားအင်အား၊ လမ်းများဖောက်လုပ် တည်ဆောက်ခြင်းနှင့် ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုရေိယာအတွင်း စီမံခန့်ခွဲရေးရုံး၊ လူနေတိုက်ခန်းများနှင့်ဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ ဈေးများ၊ စာသင်ကျောင်းများ၊ နေ့ကလေးထိန်းကျောင်းနှင့်အားကစားကွင်း စသည်တို့ ဆောက်လုပ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေပြည်သာစက်မှုမြို့ အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်စိန်နှင့် အပိုင်း(၂)၊(၃)၊(၄) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းသန်းဌွေတို့က မိမိတို့နှင့်သက်ဆိုင်ရာအပိုင်းအလိုက် စက်ရုံများ၏ကုန်ထုတ်လုပ်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူ လုပ်ငန်းရှင်များက မိမိတို့၏ စက်ရုံအလိုက် ကုန်ထုတ်လုပ်မှု အမျိုးအစားများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေပြည်သာစက်မှုမြို့ အပိုင်း(၄)ရှိ မြန်မာ့အားမာန်(MAM)မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စုစည်းညီညွတ်မှုဖြင့်ရင်ဆိုင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ရွှေပြည်သာ စက်မှုမြို့ ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာ၌ စက်မှုလုပ်ငန်းရှင်များ အနေဖြင့် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းကုန်အစားထိုး စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို အထူးကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ကလည်း လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို အချိန်အခါအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း အမီလိုက်နိုင်ရေးအတွက် စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှ ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာအရရော၊ စိတ်ဓာတ်ရေးရာအပိုင်းအရပါအားပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များကလည်း မိမိတို့၏လုပ်ငန်းများတိုးတက်သည်ထက် တိုးတက်အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ လုပ်ငန်းများလုပ်ဆောင်ရာတွင် တွေ့ကြုံလာသည့် မည်သည့် အခက်အခဲကိုမဆို စုစည်းညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားဖြတ်သန်းကြစေလိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်တည်ဆောက်

ရွှေပြည်သာစက်မှုမြို့ကို အပိုင်းလေးပိုင်းဖြင့် ဖွဲ့စည်းထားရှိပြီး အထည်ချုပ်လုပ်ငန်း ၂၉ ရုံ၊ စားသောက်ကုန် လုပ်ငန်း ၅၅ ရုံ၊ လူသုံးကုန်ပစ္စည်း လုပ်ငန်း ၃၇ရုံ၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း ငါးရုံ၊ သစ်တောထွက်ပစ္စည်းနှင့် သစ်အချောထည်လုပ်ငန်း ၁၉ ရုံ၊ ဓာတုဗေဒပစ္စည်းလုပ်ငန်းနှစ်ရုံ၊စက္ကူနှင့်စာရေးကိရိယာလုပ်ငန်းခြောက်ရုံ၊ စက်နှင့် စက်ကိရိယာလုပ်ငန်းကိုးရုံ၊ ရေထွက်ပစ္စည်းနှင့်အအေးခန်းလုပ်ငန်း ၁၂ ရုံနှင့် ဆောက်လုပ်ရေးပစ္စည်း လုပ်ငန်းသုံးရုံ အပါအဝင် စုစုပေါင်း စက်ရုံ ၁၇၇ ရုံ တည်ဆောက်ကာ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းထုတ်လုပ်ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများကိုလည်း ထုတ်လုပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ရွှေပြည်သာစက်မှုမြို့တွင် တည်ဆောက်ဆဲစက်ရုံ ၉၈ ရုံကို ဆက်လက်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ရွှေပြည်သာစက်မှုမြို့ အပိုင်း(၄)ရှိ မြန်မာ့အားမာန်(MAM) မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းသို့ ရောက်ရှိကြသည်။

ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဧည့်ခန်းမ၌ မြန်မာ့ အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း (Myanma Force Industry & Manufacturing Co., Ltd.) မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမျိုးဝင်းက စက်ရုံ၏တည်နေရာ၊ထုတ်လုပ်လျက်ရှိသော ပြည်တွင်းဖြစ်မော်တော်ယာဉ်ဖရိန်အစိတ်အပိုင်းများ၊ ပြည်တွင်းမှ ပညာရှင်များနှင့် မြန်မာ့အားမာန်မှ ပညာရှင်များ ပူးပေါင်းတီထွင်ထုတ်လုပ်သည့် မော်တော်ယာဉ်ဖရိန်အစိတ်အပိုင်းများ၊ ကိုယ်ထည်များ၊ ဖရိန်နှင့်တွဲသုံးသည့် ဘတ်တာဖလိုင်းများ၊ နိုင်ငံတကာအဆင့်မီ ဆေးမှုတ် ဆေးပေါင်းရုံ၊ ပြည်တွင်းဖြစ် CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များထုတ်လုပ်မှုနှင့်ဆီသုံးစွဲမှုလျော့နည်းသက်သာရန်နှင့် လေထုညစ်ညမ်းမှုမှ ကာကွယ်ရန် ဆောင်ရွက်ထားရှိမှုများကို ပရိဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေပြည်သာစက်မှုမြို့ အတွင်းရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စက်မှုကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အားမာန်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံအတွင်း ဘော်ဒီဂျစ်ခုံ၊ ဘော်ဒီအောက်ကြမ်းခင်း၊ ရေတိုင်ကီ၊ ဆီတိုင်ကီ၊ အိပ်ဇောများနှင့် အင်ဂျင်စက်တပ်ဆင်နေမှုကိုလည်းကောင်း၊ Truck ကား အိပ်ဖယ်များနှင့် Vibro သံဖြတ်စက်ဖြင့် ဘော်ဒီသံပြားဖြတ်တောက်နေမှုကိုလည်းကောင်း၊ နိုင်ငံတကာအဆင့်မီဆေးမှုတ်ဆေးပေါင်းရုံ (Spray Bake) အတွင်း ကားဘော်ဒီများဆေးမှုတ်နေမှုကိုလည်းကောင်း၊ ပြည်တွင်းဖြစ်ဖရိန်ဖိစက်၊ ပြည်တွင်းဖြစ် ဖရိန်ကိုယ်ထည်ဖိစက်နှင့် ပြည်တွင်းဖြစ် ကိုယ်ထည်မိုလ်ဖိစက်တို့ဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်းကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် CNG သဘာဝဓာတ်ငွေ့သုံး MAM မော်တော်ယာဉ်စမ်းသပ်ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရွှေပြည်သာစက်မှုမြို့မှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တော်မြို့ မိုးရေချိန်စံချိန်သစ်

ရန်ကုန် စက်တင်ဘာ ၁၅

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲတွင် ကျောက်တော်မြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန်မီလီမီတာ၄၀၀(၁၅ဒသမ၇၅လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း၁၈နှစ်အတွင်း စက်တင်ဘာလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၁၈၃ မီလီမီတာ (၇ဒသမ၂၀လက်မ)ဖြစ်ပြီး ၁၉၉၈ ခုနှစ် စက်တင်ဘာ ၈ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မကွေးတိုင်း ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ငဖဲမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ခွဲစိတ်ခန်း၊ လူနာဆောင်၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ငဖဲမြို့အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ **'မြန်မာ့ကျောင်း'** သီချင်းကို သီဆိုကြပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်အား ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမ

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မကွေးတိုင်း ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်ပေးစဉ်။ (သတင်းစဉ်)

များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏတို့က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းရှိ Computer Aided Instruction, Computer Skills Room, Language Lab , Learning Centre နှင့် ဘုရားခန်း၊ အိမ်တွင်းမှု ပန်းချီခန်းတို့ကို လှည့်လည်၍ ပညာရည်မြင့်မားရေးအထောက်အကူပြုကိရိယာများ အသုံးပြုကာ ကျောင်းသား ကျောင်းသူများ၏ လေ့လာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဂီတအနုပညာခန်း၌ ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုတို့ကိုလည်း ကြည့်ရှုအားပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းရှိ ဗိုလ်ရွှဲခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ငဖဲမြို့၏ ပညာရေး၊ ကျန်းမာရေး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများအား မေးမြန်းပြီး လိုအပ်ချက်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ငဖဲမြို့၏ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေကို ကြည့်ရှုလေ့လာပြီး လိုအပ်သည်များ ဆောင်ရွက်ပေးရန် မိမိတို့ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မြို့နယ်ဆေးရုံ၏ လိုအပ်ချက်များကို မိမိဝင်ရောက် ကြည့်ရှုဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

အပြန်အလှန်ဆက်စပ်

ယခုလည်း ထပ်မံ၍ ကျေးလက်ဒေသကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းနှင့် ပညာရေးလုပ်ငန်းများအတွက် အတတ်နိုင်ဆုံး ညှိနှိုင်းဖြည့်ဆည်း

ပေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသအသီးသီး ဖွံ့ဖြိုးရေးမှာ အပြန်အလှန် ဆက်စပ်နေသဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ကွက်ပြည့်ဖွံ့ဖြိုးအောင် နိုင်ငံတော်အပိုင်းက စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသများ အပါအဝင် နယ်မြေအားလုံး ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံတော်ကြီးသည်လည်း ရာနှုန်းပြည့် ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ယင်းခံယူချက်ဖြင့် ငဖဲဒေသဖွံ့ဖြိုးရေးကို မိမိတို့ဖြည့်ဆည်းပေးနေခြင်း ဖြစ်ကြောင်း။

ကြိုးပမ်းလုပ်ဆောင်

ငဖဲဒေသမှ ပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအရ တောင့်တင်းလာရေး၊ နယ်မြေလုံခြုံအေးချမ်းရေးတို့အတွက် နိုင်ငံတော်၏ ဦးဆောင်မှုကိုခံယူ၍ ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း၊ ထိုမှတစ်ဆင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်ရေးစသည့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော မျှော်မှန်းချက်များကို ကျရာအခန်းကဏ္ဍမှ တာဝန်ကျေစွာ အကောင်အထည်ဖော်နိုင်အောင် တိုင်းချစ် ပြည်ချစ်စိတ်၊ ပြည်ထောင်စုကို ချစ်မြတ်နိုးသောစိတ်တို့ဖြင့် ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ငဖဲမြို့ အခြေခံပညာကျောင်းများအတွက်

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးတိုင်း ငဖဲမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးနှင့် ဆေးပစ္စည်းများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာညွန့်ဝေအား ပေးအပ်စဉ်။

(သတင်းစဉ်)

ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀ကို မြို့နယ်ပညာရေးမှူး ဦးဘသိန်းသို့ ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ငဖဲမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးနှင့် ဆေးပစ္စည်းများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာညွန့်ဝေထံ ပေးအပ်သည်။

အလှူငွေများပေး

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့က ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ငဖဲမြို့သို့ ရဟတ်ယာဉ်ဖြင့် အသွားတွင် ငဖဲမြို့အနီး တည်ဆောက်ထားသည့် မန်းရေလှောင်တမံ၏ ရေဝင်မှုအခြေအနေ၊ ရေလှောင်တမံ၏ ရေသောက်ဧရိယာအတွင်း လယ်မြေများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေး ချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းမကွေးတိုင်း ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲတွင် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများကို လှည့်လည် ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးဝင်းအောင် မက္ကဆီကိုနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်၌ ကျရောက်သော မက္ကဆီကိုပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ မက္ကဆီကိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ လူးဝစ် အာနက်စတို ဒါဘီး(ဇ်) ဘောင်တစ်(စ်)တာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးအလုပ်ရုံဆွေးနွေးပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၅

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ‘စည်းကမ်းလိုက်နာဘေးကင်းကွာ’ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်ခန်းစာ သင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ပညာရေးမိသားစုများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှက အမှာစကားပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ‘စည်းကမ်းလိုက်နာ ဘေးကင်းကွာ’ စာအုပ်ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့ကြသူများ ဖြစ်ကြသောအမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်အေး၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ဆရာမ ဒေါ်မျိုးစန္ဒာအေး၊ Photo View အဖွဲ့မှ ဦးမျိုးဇော်မြင့်နှင့် ဦးမင်းဇော်ဖေတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း သင်ရိုးသရုပ်ပြသသည့် ဆရာ ဆရာမများက လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ကြပြီး အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအောင်နိုင်၊ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးအောင်မြင့်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးနုတို့က ဆရာ ဆရာမများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၉–၂၀၀၄ရက်(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း “ပဥ္စမဆယ်စုနှစ်” (အပိုင်း–၂)
၈:၀၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၁၀ ၆။ တိုင်းရင်းသား ရိုးရာအက
၈:၂၀ ၇။ အကပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀ ၇။ ၂၀၀၄ ခုနှစ်၊ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အခြေခံပညာ ၁၀–၁၅နှစ်) (အမျိုးသား၊အမျိုးသမီး)
၁၇:၅၀ ၈။ မြန်မာစာ မြန်မာ့စကား
၁၈:၀၅ ၉။ တေးဂီတအစီအစဉ်
၁၈:၁၅ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း–၁၁)
၁၉:၄၀ ၁၄။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ “ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်ဂုဏ်ပြုဇာတ်လမ်း” **“ရွှေရောင်လွှမ်းသည့်ရွှေလမ်းဆီသို့”** (အပိုင်း–၂) လူမင်း၊ခန့်စည်သူ၊ ရဝေအောင်၊ မြင့်မြင့်ခိုင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ခိုင်နှင်းဝေ၊ နဝရတ်၊ပွင့်နဒီမောင်၊ ရတနာခင် (ဒါရိုက်တာ–တင်သန်းဦး)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

ရန်ကုန် စက်တင်ဘာ ၁၅

ဧရာဝတီမြစ်ရေသည်မင်းဘူးမြို့နှင့်မကွေးမြို့တို့တွင် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ၈၀ စင်တီမီတာ(နှစ်ပေခွဲခန့်) မြင့်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ် ၁၇၀၀ စင်တီမီတာသို့ရောက်ရှိနိုင်သည်။ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ၁၅ စင်တီမီတာ (ပေဝက်ခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ (၂၀၀၄)

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိခဲ့သည်မှာ သရေခေတ္တရာ ပျူခေတ်ကပင် စတင်ခဲ့သည်။ တူးဖော်တွေ့ရှိရသော ပျူအက္ခရာရေး ရွှေပေချပ်များက သက်သေသာဓက ထူလျက်ရှိသည်။ မြန်မာ့သမိုင်းမတင်မီကပင် ဗုဒ္ဓသာသနာ ရောက်ရှိနေသည်ဟု ဆိုနိုင်သည်။ သာသနာနှစ် ၁၅၈၈၊ မြန်မာသက္ကရာဇ် ၄၀၆ခု၊ ခရစ် ၁၀၄၄ ခုနှစ်တွင် ပုဂံပြည်တွင် အနော်ရထာမင်း နန်းတက်ခဲ့သည်။(အနော်ရထာမင်းနန်းတက်သော သက္ကရာဇ်ကို မဟာရာဇဝင်ကြီး၌ ၃၆၄ ဟုဆို၍ မှန်နန်းရာဇဝင်၌ ၃၇၉ ခု ဆိုသည်။ ထိုသက္ကရာဇ်များမှာ သမိုင်းပညာရှင်တို့၏ အဆိုဖြစ်ပါသည်) ပုဂံပြည့်ရှင် အနော်ရထာမင်း နန်းတက်ပြီး ကိုးနှစ်အကြာတွင် အရှင်အရဟံ မထေရ်မြတ် ပုဂံသို့ကြွလာသည်။

"အနော်ရထာထံ၊ ရှင်အရဟံ၊ ခုနှပ်ပျံကျလာဝဲ"ဟု ကဝိလက္ခဏာသတ်ပုံကျမ်းက ညွှန်းဆိုထားသည်။ ရှင်အရဟံ၏ ညွှန်ပြချက်အရ မြန်မာသက္ကရာဇ် ၄၁၉ ခုနှစ်တွင် သထုံမှပိဋကတ်တော်များ ပုဂံမြို့သို့ ရောက်လာသည်။ ရှင်အရဟံ ရောက်လာချိန်မှစ၍ ရေတွက်လျှင် မြန်မာနိုင်ငံ သာသနာတော် သက်တမ်းသည် နှစ်ပေါင်း ၁၀၀၀ ကျော်ခဲ့လေပြီ။

ရှင်အရဟံ၏ အဆုံးအမ၊ အနော်ရထာမင်းမြတ်၏ ဦးဆောင်မှုနှင့်အညီ မြတ်ဗုဒ္ဓအဆုံးအမကို အလေးအနက်ထား၍ ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ မင်းနှင့်ပြည်သူတို့ ထက်သန်သော သဒ္ဓါတရားဖြင့် ကိုးကွယ်ဆည်းကပ်ခဲ့ရာ ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာ ထွန်းလင်းခဲ့သည်။ ပုဂံ၌ ပရိယတ္တိသာသနာ ထွန်းလင်းကြီးပမ်းခဲ့ပုံကို သာသနဝံသ ပဒိပိကာ စသော သာသနာသမိုင်းများတွင် မှတ်တမ်းတင်ထားသည်။

ပရိယတ္တိသာသနာထွန်းကားခဲ့သောကြောင့် ထေရဝါဒဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံ၌ အရင်းအမြစ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းခဲ့သည်။ ပုဂံပြည်သူပြည်သားတို့သည် လေးနက်သော သဒ္ဓါတရားဖြင့် ဘုရား၊ ဂူကျောင်း၊ ပိဋကတ်တိုက်၊ တရားအိမ်၊ စကြံ၊ တံတိုင်း၊ ရေတွင်း၊ ရေကန်စသည်တို့ကို လှူဒါန်းခဲ့ကြောင်း ကျောက်စာများတွင် ဖတ်ရှုနိုင်သည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာမြောက်သော စေတီပုထိုး၊ ဆင်းတု ရုပ်ပွားများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ သာသနာတော်ကို ယုံကြည်သော သဒ္ဓါတရားကြောင့် အနုပညာလက်ရာများ ပို၍လက်ရာမြောက်လာသည်ဟုဆိုရသော် ပို၍ပြည့်စုံပါမည်။

ပုဂံခေတ်မှစ၍ ထွန်းကားခဲ့သော ဗုဒ္ဓသာသနာသည် ခေတ်အဆက်ဆက် စည်ပင်ဝေဆာခဲ့သည်။ နိုင်ငံတော်မျက်နှာဟူ၍ ကင်ပွန်းတပ်ခဲ့သော မြတ်ဘုရားရွှေတိဂုံသည် မြန်မာ့ရိုးရာပန်း ၁၀ မျိုးတို့ ခဝပ်ညွှန်းဖော်ပျော်စံရာဖြစ်သည်။ မြန်မာပြည်အရပ်ရပ်တွင် စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန်တို့သည် မွန်မြတ်သော နှလုံးအလှကို ဖော်ကျူးပြသနေကြသည်။ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု အသိအမှတ်ပြုထားသော ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာသွင်း၍ ရတနာပုံခေတ် မန္တလေးတွင် ရေးထိုးခဲ့သည်။ ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်တွင် ပဉ္စမသင်္ဂါယနာ တင်နိုင်ခဲ့သည်။ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင်လဲ ဆဋ္ဌသင်္ဂါယနာ တင်နိုင်ခဲ့သည်။ ကမ္ဘာ့စံချိန်စာအုပ်တွင် မြန်မာပြည်မှ ပိဋကတ်သုံးပုံ အာဂုံပြန်ဆိုနိုင်သော ရဟန်း သံဃာတော်များကို 'ကွန်ပျူတာလူသား' ဟု ဂုဏ်ပြုပူဇော်ခဲ့ကြသည်။ ယနေ့အထိ ပိဋကသုံးပုံအာဂုံဆောင် ရဟန်းအာဇာနည် အရှင်သူမြတ် ၁၁ ပါးအထိပင် ပေါ်ထွန်းခဲ့သည်။ မြန်မာရွှေမြေဝယ် ဗုဒ္ဓသာသနာတော်သည် နေလိုလလို ထွန်းလင်းခဲ့သည်။

သာသနာတော်၏ မူလပရိယတ္တိစာပေလေ့လာမှုတွင် မြန်မာနိုင်ငံကဲ့သို့ အပြည့်အစုံ လေ့လာသင်ကြားနိုင်သော တိုင်းပြည်နိုင်ငံ မရှိဟုပင် ယူဆမိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ပင်မရေစီးပင်မမြစ်ဖျားသဖွယ်ဖြစ်နေသည်။ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ၂၀၀၄ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပမည့်သတင်းကို သတင်းစာများတွင် ဖတ်ရှုလိုက်ရ၍ ဝမ်းမြောက်ဂုဏ်ယူ သာဓုခေါ်မိသည်။

ပထမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ၁၉၉၈ခုနှစ်တွင် ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က ဦးဆောင်၍ ကမ္ဘာ့ဗုဒ္ဓဘာသာဝင် ဂိုဏ်းပေါင်းစုံညီညွတ်ရေး၊ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး၊ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ထွန်းရေးနှင့် ဗုဒ္ဓဘာသာဝင်နိုင်ငံများ ဝိုင်းဝန်းကူညီ ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၀ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည်။ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က "မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ထေရဝါဒ ဗုဒ္ဓဘာသာ၏ ရေခံမြေခံကောင်းဖြစ်နေသဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် ပန်ကြားထားခဲ့သည်။ ထိုပန်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပရန် သဘောတူညီခဲ့သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို နိုင်ငံတကာညီလာခံ

ယောနကဘိုးထောင်

ကြီးများအဆင့်နှင့်အညီ ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ၁၀-၆-၂၀၀၃ ရက်နေ့တွင် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဗဟိုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွှန့်က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို... ဟူသော ရည်ရွယ်ချက်ငါးရပ်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထေရဝါဒဆိုသည်မှာ မြတ်စွာဘုရားဟောတော်မူခဲ့သည့် တရားဓမ္မအတိုင်း ပြင်ဆင်ဖြည့်စွက်ခြင်းမရှိ၊ နုတ်ပယ်ခြင်းမရှိ၊ မူရင်းအတိုင်း၊ အရှိအရှိအတိုင်း တိကျစွာဆက်လက်ထိန်းသိမ်းထားသော တရားတော်များကို ထေရဝါဒဟု ခေါ်ပါသည်။

မဟာပဒါနသုတ် ဘာသာပြန်တွင် "ချစ်သားတို့-အစ အလယ် အဆုံး သုံးရပ်လုံး၏ ကောင်းခြင်းဂုဏ်ရည်နှင့် ပြည့်ဝကုန်သော အမှန်တရားကို ဟောကြ၊ ပြောကြ၊ ရေးသားကြကုန်လော့။ ပညာမျက်စိ ကြည်လင်ပဝင်းနေသော သူကောင်းသွေးဇာတ်တို့သည် တည်ရှိနေကြကုန်၏။ သူတို့သည် ဓမ္မစစ်ကို မနာရ၊ မကြားရ၊ မဖတ်ရှုရလေသောကြောင့်သာလျှင် မှုမှန်အသိတရားမှ တိမ်းယိမ်းသွေဖည်ပြီး အကျိုးနည်းနေကြရကုန်သည်။ အကယ်၍ သဘာဝကျသော တရားမှန်ကိုသာ နာကြားဖတ်ရှုကြရပါလျှင် အသိဉာဏ်ထက်ပြီး အမှန်ကို ကြည့်မြင်နိုင်စွမ်းသည့် မွန်ရည်လူသားတို့ ထွန်းကားပေါ်ထွက်၍ လာကုန်လိမ့်မည်"ဟူ၍ မှတ်သားနာယူခဲ့ရသည်။

ဘုရားဟောကြားသော တရားတော်များကို မာဂဓီခေါ် ပါဠိဘာသာဖြင့် ရေးသားထားသည်။ ဤခေတ်တွင် မြန်မာနိုင်ငံ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့တွင် ဆက်လက်ထွန်းကားနေသည်။ မြန်မာနိုင်ငံ၏အနေအထားကိုကြည့်လျှင် ရဟန်းရှင်လူပြည်သူတို့သည် ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းကို ကြိုးပမ်းအားထုတ်မှုမှာ ယနေ့တိုင်အောင် ပွင့်လန်းလျက်ရှိသည်။ **ပိဋကတ်စာပေသင်ကြားပို့ချနေသော စာသင်တိုက်ကြီးများ၊ ဓမ္မာစရိယ တက္ကသိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ကျင့်ကြံအားထုတ်တရားလုပ်ဆောင် အေးရိပ်စခန်းများက ဗုဒ္ဓသာသနာအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။ ရွှေစေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများကလည်း မြန်မာတို့၏ သီလ၊ ဒါန ကုသိုလ်ထူးကို ဖော်ကျူးလျက်ရှိသည်။ ကြည့်ရှုလေ့လာပွားများ အားထုတ်သူတို့၏ နှလုံးသားတွင် သဒ္ဓါတရားများ တိုးပွားစည်ပင် ကြည်ညိုလျက်ရှိနေကြသည်။**

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် တစ်ခေတ်တစ်ခါက အနောက်သို့လားသော် ဂန္ဓာရတိုင်း(ခေါ်)ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ခိုတန် (ခေါ်) တာကစ္စတန်နှင့် ယောနကလောက(ခေါ်)သော တူရကီ၊ ဂရိများအထိ ပျံ့နှံ့ထွန်းကားခဲ့သည်။ ဂင်္ဂါမြစ်မှ ဗော်လဂါမြစ်သို့ တိုင်အောင် သာသနာရောင်ဝါထွန်းကားခဲ့ပေသည်။ မြောက်သို့လားသော် စစ်ကင်း၊ ဘူတန်၊ တိဗက်၊ မွန်ဂိုလျ၊ ရုရှားအထိ ပျံ့နှံ့ခဲ့၍ ယခုတိုင် ဆက်လက်တည်ရှိ နေဆဲဖြစ်သည်။ အရှေ့သို့လားသော် အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ကိုရီးယား၊ ဂျပန်တို့အထိ ပျံ့နှံ့ခဲ့သည်။

ပိဋကတ်စာပေ သင်ကြားပို့ချနေသော စာသင်တိုက်ကြီးများ၊ ဓမ္မာစရိယ တက္ကသိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ကျင့်ကြံ အားထုတ် တရားလုပ်ဆောင် အေးရိပ်စခန်းများက ဗုဒ္ဓသာသနာအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။ ရွှေစေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများကလည်း မြန်မာတို့၏ သီလ၊ ဒါန ကုသိုလ်ထူးကို ဖော်ကျူးလျက်ရှိသည်။ ကြည့်ရှုလေ့လာ ပွားများအားထုတ်သူတို့၏ နှလုံးသားတွင် သဒ္ဓါတရားများ တိုးပွားစည်ပင် ကြည်ညိုလျက် ရှိနေကြသည်။

၁။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ထွန်းကားစေရန်။

၂။ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနှင့်လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာဝင်အချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကိုအခြေခံသော ဗုဒ္ဓဘာသာပညာရေး ထွန်းကားပြန့်ပွားစေရန်။

၄။ ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသောကမ္ဘာကြီး ဖြစ်ထွန်းအကျိုးပြုရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန်နှင့်

၅။ ဗုဒ္ဓတရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန်

ဤသို့ဖြင့် ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွား တည်ရှိခဲ့ပုံကို ပြန်လည်မှန်းဆ ကြည့်နိုင်သည်။ ဗုဒ္ဓတရားဓမ္မများကို မူရင်းမပျက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော မြန်မာနိုင်ငံသည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို မကြာမီကျင်းပနိုင်တော့မည်ဖြစ်သည်။

ယခုအခါ အနောက်နိုင်ငံများတွင် ထေရဝါဒ ဗုဒ္ဓဘာသာကို အထူးစိတ်ဝင်စားကာ လေ့လာလျက်ရှိနေသည်ကို တွေ့ရသည်။

ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု။ ။

စက်တင်ဘာ ၉ရက်က သင်္ဃန်းကျွန်းမြို့နယ်(၁၆) အပိုင်း (၂) ရပ်ကွက် ဝေဇယန္တာလမ်း ဗုဒ္ဓသာသနဟိတကာရီဓမ္မာရုံကြီး ဝါတွင်းကာလ အထူးတရားပွဲတွင် ဘွားဘွား ဒေါ်ညီမအား ရည်စူး၍ မြေးဖြစ်သူ မယွန်းသက်ပိုင်၏(၁၂)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် သာသနာ့ဂုဏ်ရည် သုံးထပ်သိမ်ကျောင်းဆောက်လုပ်ရန် ထည့်ဝင်ငွေကျပ်တစ်သိန်းကို မေတ္တာအေးဆရာတော် အရှင်သုဇာတ(ဓမ္မာစရိယ)မဟာစည်နယ်လှည့် ဓမ္မကထိကထံဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

ငွေပဒေသာပင်အလှူရှင်များ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်းခဲ့ကြသော ငွေပဒေသာပင်ကျပ်တစ်သောင်းနှင့်အထက် အလှူရှင်များအား (၂၂) ကြိမ်မြောက် ရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ(၂)နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားနှိုးဆော်

ယခု (၂၂) ကြိမ်မြောက်တွင် ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း လှူဒါန်းခဲ့ကြသော ငွေပဒေသာပင် အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ အပေါ်ထပ် (ဓမ္မာရုံ)သို့ ကြွရောက်ကြရန် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားသည်။

(က-ပ)

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ကိုယ်စားလှယ်များ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် The Japan Council of Local Authorities for International Relations (CLAIR, Singapore)တို့ ပူးပေါင်းကျင်းပသည့် အာဆီယံ ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲတွင် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အာဆီယံဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် The Japan Council of Local Authorities for International Relations (CLAIR, Singapore) တို့ ပူးပေါင်းကျင်းပသည့် အာဆီယံ ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာဆွေးနွေးပွဲ ၂၀၀၄ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ အကြံပေးပုဂ္ဂိုလ်များနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ အခြား ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ The Japan Council of Local Authorities for International Relations (CLAIR Singapore) မှ Senior Managing Director မစ္စတာ နာကာဒါနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံ အမတ်ကြီးနှင့် ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အုပ်ချုပ်ရေးဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားကို The Japan Council of Local Authorities for International Relations (CLAIR Singapore) မှ Senior Managing Director မစ္စတာ နာကာဒါက ဖွင့်လှစ်ပေးပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Nobutake Odano တို့က အသီးသီး အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲ စတင်ကျင်းပရာ တက်ရောက်လာသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက စာတမ်းများ ဖတ်ကြားတင်သွင်း၍ ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ နည်းစနစ်များ၊မူဝါဒများ၊ အတွေ့အကြုံများ ဆွေးနွေးခဲ့ကြပြီး ညနေ ၅ နာရီခွဲ တွင် ဆွေးနွေးပွဲအခမ်းအနား ပြီးဆုံးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ဌာနဆိုင်ရာ ကိုယ်စားလှယ် ၅၀၊ ဂျပန်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် ၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်တုန်းမြို့ ရေတိုက်စားမှုကာကွယ်ရေးဆောင်ရွက်ပြီးစီးမှု ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ စစ်ဆေး၊ စီမံကိန်းများစနစ်တကျရှိရေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်ခင်တို့လိုက်ပါလျက် ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် ညောင်တုန်းမြို့သို့ ရောက်ရှိကြပြီး ညောင်တုန်းမြို့ (၁၂)လမ်းထိပ် ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့သည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပန်းလှိုင်မြစ် အကောက်စခန်းသို့ ရောက်ရှိကြရာ ရေဘက်ဆိုင်ရာ အင်ဂျင်နီယာမှူး ဦးလှမြင့်သိန်းက ရေယာဉ်များဖြတ်သန်းခုတ်မောင်းသည့် အခြေအနေ၊ဝင်ငွေ ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ဆက်လက်၍ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်နှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ ညောင်တုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်တို့ လိုက်ပါလျက် ညောင်တုန်းဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာပြီး ညောင်တုန်း၊ စကြော့ ရေကြောင်းအခြေအနေနှင့် ရေကြောင်းပြောင်းလဲမှု အခြေအနေအရ ရေယာဉ်များ ခုတ်မောင်းသွားလာရန် ဗိုလ်မြတ်ထွန်းတံတား အစုန်/အဆန် ရေလမ်းကြောင်းများ ပြောင်းရွှေ့တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရေယာဉ်ပေါ်၌ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည်ဘက်ကမ်းသို့ရောက်ရှိကြပြီး ယာယီရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရေဘက်ဆိုင်ရာ အင်ဂျင်နီယာမှူး ဦးလှမြင့်သိန်းက ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်း အဆင့်ဆင့်ဖြစ်သော ရေကြောင်းပြောင်းလဲမှုအစီအမံများ၊ ကမ်းထိန်းအစီအမံများနှင့် အကျိုးသက်ရောက်မှုများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြသည်။ဆက်လက်၍ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်း တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး စနစ်တကျစီမံကိန်းများဆောင်ရွက်ရေးမှာကြားကာ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ဗိုလ်မြတ်ထွန်းတံတား အထက်အောက် ကြိမ်ပင်ဆည်ဘက်ကမ်း ကမ်းထိန်းအစီအမံတည်ဆောက်ထားမှုများကို ကြည့်ရှု စစ်ဆေးပြီး စကြော့ဆိပ်ကမ်းမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၂၆)ဖြန့်ချီ

ရန်ကုန် စက်တင်ဘာ ၁၅

ငှက်ပျောမျှင်ဖြင့် ချည်ထည်ရက်လုပ်သည့် နည်းပညာကို မြန်မာနိုင်ငံတွင် စတင်စမ်းသပ်၊ မဲခေါင်မြစ်အထက်ပိုင်း တန်သုံးရာ သင်္ဘောများ သွားနိုင်ပြီ၊ တန်ငါးရာအထိသွားနိုင်အောင် ဆက်လက်စီစဉ်နေ၊ ညပိုင်း ပြေးဆွဲနေသော တက္ကစီယာဉ်မောင်းများအတွက် လုံခြုံရေးဆိုင်ရာ အထူးအစီအစဉ်များ ပြုလုပ်ပေးရန်ရှိ၊ ပို့ကုန်လုပ်ငန်းအဆင့်ဆင့် ဗီဒီယိုဖြင့်ပညာပေးမည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

နေမင်း၏ အပိုင်းအစများကို ဖမ်းယူရန် ဝေဟင်၌ သည်းထိတ်ရင်ဖိုစွန့်စားခန်းဖွင့်၊ ထီရှုးများကြောင့် ထိုင်းအစိုးရ ကုဋေ သောင်းနှင့်ချီလျက် ပြုန်းတီးနေ၊ ကားရပ်လျှင် စက်သေသည့် အလိုအလျောက် ပိတ်/နိှုးစနစ်ကားများ ဆီစားသက်သာစေရန် ရည်ရွယ်ထုတ်လုပ်ပြီ စသည့် နိုင်ငံတကာ သတင်း ဆောင်းပါးများဖြင့် e-Empire Media House ဖုန်း– ၇၀၃၈၁၃ က ဖြန့်ချိလိုက်ပြီဖြစ်သည်။

(က–ပ)

စက်တင်ဘာ ၁၁ရက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ နမ့်စန်–ဆိုက်ခေါင်ရထားလမ်းပိုင်းသစ်ဖောက်လုပ်မှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၁၀၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဩဂုတ်၂၉ ရက်က အမက(၃၆) သာကေတမြို့နယ်၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနုက စတုတ္ထတန်းမှ မြို့နယ် အဆင့်ဘက်စုံထူးချွန်ဆု၊ ပညာရည်ထူးချွန်ဆု၊ ကျောင်းလုပ်ငန်း ထူးချွန်ဆု၊ နွေရာသီအမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း မြို့နယ်အဆင့်ထူးချွန်ဆု၊ ကျောင်းတွင်းပညာရည် ထူးချွန်ဆုရရှိသူ မဖူးအိမ်လုံအား ဆုချီးမြှင့်စဉ်။ (က–ပ)



တွေ့ဆုံမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

■ **ကျောဖုံးမှ**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ သာယာဝတီမြို့နယ် ကျွဲသတ်ကွင်းကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၁၂၅၃)၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းက စမ်းသပ်စိုက်ပျိုးနေသည့် မြစိမ်းရောင်စပါး စိုက်ပျိုးရေးစခန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရှင်းလင်းဆောင်၌ ဒေသခံ တောင်သူလယ်သမားများအား မျိုးဖြန့်ဝေရေး၊ လက်တွေ့နည်းပညာ ပေးရေး၊ သဘာဝမြေဩဇာနှင့်ပြည်တွင်း ဓာတ်မြေဩဇာတို့ကို ရောစပ်၍ အောင်မြင် ဖြစ်ထွန်းအောင် စမ်းသပ်စိုက်ပျိုးရေးစသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ကမ္ဘာ့ဈေးကွက်အဆင့်မီ

မြစိမ်းရောင်စပါးသည် ခေတ်မီအဆင့်မြင့်နည်းပညာသုံးထားသော အခြေခံ စပါးမျိုးကောင်းဖြစ်ပြီး စပ်စပါးမျိုး (Hybrid) နှင့် ဗီဇပြုပြင်မျိုး(GM) မဟုတ်ဘဲ အထွက်ကောင်းမျိုး(HVV) ထွက်လာသောမျိုးကို ထပ်မံအထွက်တိုး စိုက်ပျိုး၍ရသောမျိုးဖြစ်ကြောင်း သိရသည်။ လက်ရှိစိုက်ပျိုးနေသည့် လုံးသွယ်မွှေး၊ အင်းမရဲဘော်မျိုးတို့နှင့် ခပ်ဆင်ဆင်ဖြစ်ကာ တစ်ဧကလျှင် ၁၆၄တင်းအထိ ထွက်ရှိနိုင်ပြီး ကမ္ဘာ့ဈေးကွက်အဆင့်မီကြောင်း သိရသည်။

မြစိမ်းရောင်စပါးကို ပဲခူးတိုင်း(အနောက်ပိုင်း)နယ်မြေအတွင်းရှိ သာယာဝတီမြို့နယ်၌ ၁၅ ဧက၊ လက်ပံတန်းမြို့နယ်၌ ၁၃ ဧက၊ ကြို့ပင်ကောက်မြို့နယ်၌ တစ်ဧက၊ ဇီးကုန်းမြို့နယ်၌ သုံးဧကနှင့်ပေါင်းတည်မြို့နယ်၌ ၁၅ဧက စုစုပေါင်း ၄၇ ဧက စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး သာယာဝတီ၊ မင်းလှနှင့် လက်ပံတန်းမြို့နယ်များ၏ လမ်းဘေးဝဲယာတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် မင်းလှမြို့သို့ရောက်ရှိပြီး မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင် မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမင်းသူက မင်းလှမြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အထောက်အကူပြုလျက်ရှိ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင်ပဲခူးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုသော တိုင်းကြီးခြောက်တိုင်းတွင် တစ်တိုင်းပါဝင်သည့်အပြင် စိုက်ပျိုးမွေးမြူရေးအတွက် ဧရိယာကျယ်ဝန်းမှုရှိ၍ နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ၁၉၈၈ခုနှစ် နောက်ပိုင်း၌ ဆည်မြောင်းတာတမံပေါင်း ၁၆၂ ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၆၅ ခုကို တည်ဆောက်ပေးခဲ့ကြောင်း၊ ပဲခူးတိုင်းအတွင်း၌လည်း ဆည်ပေါင်း ၄၀ ဖွင့်လှစ်ပြီးဖြစ်ရာ မိုးစပါးသာမက နွေစပါးစိုက်ပျိုးရေးကိုပါ အထောက်အကူပြုလျက်ရှိကြောင်း၊ ပဲခူးတိုင်းတွင် သုံးနှစ်အတွင်း မိုးစပါးဧကသိန်း ၃၀ စိုက်ပျိုးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် မိုးစပါး ဧက၂၆သိန်း စိုက်ပျိုးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း (အရှေ့ပိုင်း) တွင် မိုးစပါး ဧက ၁၆ သိန်းနှင့် ပဲခူးတိုင်း (အနောက်ပိုင်း) တွင် မိုးစပါး ဧက ၁၀ သိန်းဖြင့် မိုးစပါးဧက တစ်သိန်းစီတိုး၍ ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံတောင်သူများ အနေဖြင့်လည်း တတ်နိုင်သမျှ စိုက်ဧကတိုးချဲ့၍ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

တာဝန်ရှိသူ အဆင့်ဆင့်ကလည်း ပံ့ပိုးကူညီဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများအနေဖြင့်လည်း အောက်ခြေအထိ ကွင်းဆင်းပံ့ပိုးဆောင်ရွက်ရန်လိုကြောင်း၊ မိုးစပါးကို တတ်နိုင်သမျှ စောစောစိုက်၊စောစောရိတ်သိမ်းပြီး နွေစပါးအပါအဝင် အဓိက သီးနှံ ၁၀မျိုးစိုက်ပျိုးခြင်းဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရန်လိုအပ်ကြောင်း၊ သို့မှသာ တစ်ဦးချင်းဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမှာ ဖြစ်ကြောင်း။

တိုးချဲ့မွေးမြူရန်လို

ထို့ပြင် ပဲခူးတိုင်းသည် လမ်းပန်းဆက်သွယ်ရေးကောင်းပြီး ကုန်ထုတ်လမ်းကြောင်း လွယ်ကူချောမွေ့မှုရှိသဖြင့် ဒေသ ကြက်၊ ဘဲနှင့် ငါးမွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍကို တိုးချဲ့မွေးမြူရန်လိုအပ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ပေါက်လာရေးအတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့မှာ အဓိကကျသောအချက်များဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ရာ တက်ညီလက်ညီပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မကြာမီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာတော့မည် ဖြစ်ကြောင်း၊ ထို့အတူ မင်းလှမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်လှပရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်အထိဆင်းပြီး တာဝန်ရှိသူအဆင့်ဆင့်တို့က ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

မင်းလှမြို့နယ်၌ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါး ၇၅၆၈၄ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် ၇၃၁၈၅ ဧက စိုက်ပျိုးပြီးစီးကာ ကျန်ရေကျ နောက်ကျစပါးများ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

● **ကျောဖုံးမှ**

အသက်(၁၄)နှစ်နှင့်အောက် လူငယ်တင်းနစ် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦးအား ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် အုပ်ချုပ်သူ နည်းပြ ဆရာအဖြစ် ဦးမောင်မောင်လေး (မြန်မာ့လက်ရွေးစင်ဟောင်း)က ဆောင်ရွက်ပြီး ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများအဖြစ် အမျိုးသားပြိုင်ပွဲအတွက် မောင်ဖြိုးမင်းသာ (အထက-၁၊ မင်္ဂလာတောင်ညွန့်)၊ အောင်ကျော်နိုင် (အထက-၄၊ ကမာရွတ်)၊ ဇင်ဘို (အထက-၄၊ ကမာရွတ်)၊ အမျိုးသမီးပြိုင်ပွဲ အတွက် မိုးချစ်သဲ (ILBC) နှင့် ခိုင်ငြိမ်းသာ (အထက-၁၊ မင်္ဂလာတောင်ညွန့်) တို့အား ရွေးချယ်ထားပြီး နည်းပြဆရာ ဦးမောင်မောင်လေး (မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဦးအောင်မိုး၊ ဦးအေးထွန်း၊ ဦးကျော်စံဝင်း၊ ဦးမြတ်ခိုင်စိုးတို့က နည်းစနစ်မှန်မှန်ဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အုပ်ချုပ်သူ နည်းပြဆရာအဖြစ် ဆောင်ရွက်မည့် မြန်မာ့လက်ရွေးစင်ဟောင်း နည်းပြဆရာ ဦးမောင်မောင်လေးအား မြန်မာ့အလင်းက တွေ့ဆုံ၍ လူရွေးချယ်ပုံနှင့်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို မေးမြန်းခဲ့သည်။

နည်းပြဆရာ ဦးမောင်မောင်လေးက "မိမိတို့ လူရွေးချယ်ရာတွင် ယောက်ျားလေးပြိုင်ပွဲ၌ အဖွဲ့ချုပ်မှ ရွေးချယ်လေ့ကျင့်ပေးထားသည့်လူငယ် ခြောက်ဦးနှင့် ပြင်ပမှ ဝင်ရောက်ယှဉ်ပြိုင်သည့် လူငယ်ကိုးဦး စုစုပေါင်း ၁၅ဦးကို ပထမအဆင့်ပြိုင်ပွဲနှင့် ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲများ သတ်မှတ်ကာ ယှဉ်ပြိုင်ကြကြောင်း၊ ပြင်ပမှ စာရင်းပေးသွင်းထားသည့် အမျိုးသားကိုးဦးကို ပထမအဆင့် အုပ်စုတွင်း ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြရာ မင်္ဂလာတောင်ညွန့် အထက(၁)မှ မောင်တင်မျိုးဝေက ပထမရရှိပြီး အား/ကာ သိပ္ပံ ရန်ကုန်မှ မောင်ဝေယံကျော်က ဒုတိယရရှိကြောင်း၊ သူတို့နှစ်ဦးနှင့် အဖွဲ့ချုပ်လူငယ်များဖြစ်သည့် ဖြိုးမင်းသာ၊ အောင်ကျော်နိုင်၊ ဇင်ဘို၊ အိုက်ကျောက်၊ အောင်ကိုကိုနှင့် ဝင်းထက်ပိုင်တို့ ဒုတိယအဆင့် အုပ်စု ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြရာ မင်္ဂလာတောင်ညွန့် အထက(၁)မှ ဖြိုးမင်းသာက ခုနစ်ပွဲကစား ခုနစ်ပွဲနိုင်၊ ရှုံးပွဲမရှိဖြင့် ပထမ၊ ကမာရွတ် အထက (၄)မှ အောင်ကျော်နိုင်က ခုနစ်ပွဲကစား ခြောက်ပွဲနိုင်၊တစ်ပွဲရှုံးဖြင့် ဒုတိယရရှိပြီး ဇင်ဘိုက ခုနစ်ပွဲကစား ငါးပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် တတိယရရှိသဖြင့် အမျိုးသားပြိုင်ပွဲအတွက် ယင်းတို့သုံးဦးကို ရွေးချယ်ခဲ့ကြောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ငါးဦးကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်စေရာ ILBC မှ မိုးချစ်သဲက လေးပွဲကစား လေးပွဲနိုင်၊ ရှုံးပွဲမရှိဖြင့် ပထမရရှိပြီး၊ မင်္ဂလာတောင်ညွန့် အထက (၁)မှ ခိုင်ငြိမ်းသာက လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယရရှိသဖြင့် ယင်းတို့နှစ်ဦးကို အမျိုးသမီးပြိုင်ပွဲအတွက် ရွေးချယ်ခဲ့ကြောင်း၊ လေ့ကျင့်မှုအနေဖြင့် ပြိုင်ပွဲ အဝေးအနီးပေါ်မူတည်၍ လေ့ကျင့်ပေးကြောင်း၊ ယခုအခါ ပြိုင်ပွဲနီးကပ်လာပြီဖြစ်သည့်အတွက် နေ့စဉ် နံနက် ၆ နာရီမှ ၁၀ နာရီ၊ ညနေ ၃ နာရီမှ ၅ နာရီအထိ လေ့ကျင့်ပေးလျက် ရှိကြောင်း၊ အားကစားဝန်ကြီးဌာနကလည်း ပြည်ပပြိုင်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးကြောင်း၊ မိမိတို့အဖွဲ့ချုပ် နာယကနှင့် ဥက္ကဋ္ဌများက အနီးကပ်ကြပ်မတ်ပေးသည့်အပြင် ပြည်ပပြိုင်ပွဲအတွက် ကုန်ကျစရိတ်များကိုလည်း ကျခံဆောင်ရွက်ပေးပါကြောင်း၊ မိမိတို့ ယခုရွေးချယ် လေ့ကျင့်ပေးထားသည့် ကလေးငါးဦးမှာ ပြည်ပပြိုင်ပွဲအတွေ့အကြုံရှိသူများဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းပြိုင်ပွဲများ ကျင်းပခြင်း၊ ပြည်ပပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ့တင်းနစ်အားကစား တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် တင်းနစ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။ ။

(မြန်မာ့အလင်း)

ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက် လူငယ်တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲမည့် မြန်မာ့လူငယ်တင်းနစ်အဖွဲ့အား သိမ်ဖြူတင်းနစ်ကွင်းတွင် လေ့ကျင့်အပြီး နည်းပြဆရာ ဦးမောင်မောင်လေးနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင် အာဆင်နယ်၊ ချယ်လ်ဆီးနှင့် အင်တာမီလန်တို့နိုင်ပွဲရရှိ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ဖလား ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၄ ရက်ကစတင်ကစားခဲ့ရာ အုပ်စု (င) မှ(ဇ)အထိအုပ်စုလေးခုမှ အသင်းများယှဉ်ပြိုင်ကစားခဲ့ကြရာတွင် နာမည်ကြီးများဖြစ်သည့် အာဆင်နယ်၊ အင်တာမီလန်၊ ချယ်လ်ဆီးနှင့်ဘာစီလိုနာအသင်းတို့နိုင်ပွဲများ ရရှိခဲ့ကြသဖြင့် ချန်ပီယံလိဂ်ဖလား ဗိုလ်စွဲနိုင်မည်ဟု ရေပန်းစားမှုအရှိန် ပိုမိုမြင့်တက်လာခဲ့သည်။

အာဆင်နယ်နှင့်ပီအက်စ်ဗွီ

ချန်ပီယံလိဂ်အုပ်စု (င)မှအသင်းများဖြစ်ပြီး အာဆင်နယ်အသင်း၏ အိမ်ကွင်းဖြစ်သည့်ဟိုက်ဘူရီကွင်း၌ စက်တင်ဘာ ၁၄ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ကွင်းရှောအဝေးကွင်းတွင်ပါ ခြေစွမ်းပြပြီး နိုင်ပွဲဆက်နေသည့် အာဆင်နယ်သည် ဟိုက်ဘူရီ၌ ညှော်သည် ပီအက်စ်ဗွီကို ဂိုးပြတ်သွင်းနိုင်သော်လည်း တိုက်စစ်မှူးများဖြစ်သည့် အွန်နရီ၊ ရေးယက်စ်၊ ဘားကင့်တို့ ဂိုးရလိုမှု ဆန္ဒစောနေခြင်းကြောင့် ဂိုးမသွင်းနိုင်ခဲ့ချေ။

အာဆင်နယ်အသင်း အလယ်တန်းမှပီရက်စ်၊ ပက်ထရစ်ဗီယာရာနှင့် ဂီလ်ဘာတိုဆေးဗားတို့က ဘောလုံးအပေး အပို့၊ အဖြတ်အတောက်ကောင်းပြီး တိုက်စစ်ကို လျင်လျင်မြန်မြန်ပံ့ပိုးပေးနိုင်ကြရာ ထိုးဖောက်ဂိုးသွင်းခွင့်အကြိမ်ကြိမ် ရရှိသော်လည်း အဆုံးသတ် မပိုင်၍သာ ဂိုးကံခေခဲ့ရခြင်းဖြစ်သည်။

ပွဲချိန် အတော်များများ အာဆင်နယ်တိုက်စစ်ဆင်ကစားခဲ့ရာပီအက်စ်ဗွီနောက်ခံလူများ မနားတမ်းဖျက်ထုတ်ဟန့်တား ကစားနေရာမှ ပွဲချိန် ၄၂ မိနစ်တွင် ပီအက်စ်ဗွီနောက်ခံလူ ရိုဒရီရိုအလက် ဘောလုံးဖျက်ထုတ်ရာ ကိုယ့်ဂိုး ကိုယ်သွင်းသကဲ့သို့ဖြစ်ပြီး ဂိုးဝင်မှုကြောင့် အာဆင်နယ်တို့ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဗွီတို့ ချေပဂိုးရရှိရေး တန်ပြန် တိုက်စစ်ဆင် ကစားရာ တိုက်စစ်မှူးဖြစ်သည့် ဆီဘွန်၊ ဂျီဆောင်ပက်၊ဘီဆယ်လီနှင့်ဗိုဂယ်တို့ ကန်ချက်များလွဲချော်နေသဖြင့် ချေပဂိုးမသွင်းနိုင်ခဲ့ရာမှ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ပီအက်စ်ဗွီသည် အဝေးကွင်း ရလဒ်မကောင်းသည့်အသင်းဖြစ်ရာ အာဆင်နယ်နှင့်ပွဲတွင် ကိုကူး၊ အင်ဒရာအိုရီဂျာနှင့် ဘွန်မဲလ်တို့ လူစုံပါဝင်ကစားခဲ့သော်လည်း နိုင်ပွဲဆက်ပြီး ခြေမြူးနေသည့် အာဆင်နယ်ကို အနိုင်မကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ဆဲလ်တစ်နှင့်ဘာစီလိုနာ

ချန်ပီယံလိဂ်အုပ်စု(ခ)မှ အသင်းများဖြစ်ပြီး ဆဲလ်တစ်နှင့် ဘာစီလိုနာတို့ ဆဲလ်တစ်ကွင်း ဆဲလ်တစ်ပက်ခ်၌ စက်တင်ဘာ ၁၄ ရက်က ယှဉ်ပြိုင်ကစားရာ ဧည့်သည် ဘာစီလိုနာတို့၏ ဂိုးပြတ်သွင်းပြီး အနိုင်ယူခြင်းကို ဆဲလ်တစ်တို့ ခံခဲ့ကြရသည်။

ဆဲလ်တစ်နှင့် ဘာစီလိုနာတို့ ယခင်က လေးကြိမ်ဆုံခဲ့ဖူးရာတွင် ဘာစီလိုနာက တစ်ပွဲနိုင်ပြီး ဆဲလ်တစ်က တစ်ပွဲနိုင်ကာ သရေနှစ်ပွဲကျခဲ့သော မှတ်တမ်းရှိနေရာ ယခုပဥ္စမမြောက်တွေ့ဆုံသည့်ပွဲ၌ ဘာစီလိုနာတို့ နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

အိမ်ကွင်းမှာ ခြေစွမ်းထက်သည့် ဆဲလ်တစ်နှင့် ဆဲလ်တစ်ကွင်း၌ ကစားတိုင်း အနိုင်မရရှိခဲ့သည့် ဘာစီလိုနာအသင်းသည် ယခုကစားသောပွဲကို အပြောင်းအလဲ များစွာဖြင့် ပြုပြင်ကစားခဲ့သည်။

အလယ်တန်းမှဒေကိုနှင့်လိုပက်ဇ်ဂါရက်တို့ကလည်း တိုက်စစ်မှူးများနှင့်တွဲကာ အချိတ်အဆက် အပေးအယူမိမိဖြင့်ကစားခဲ့ရာမှ ပွဲချိန်မိနစ်၂၀ တွင် ဒေကိုက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်း၌ တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ပွဲချိန်၅၉မိနစ်တွင် ဆဲလ်တစ်မှ ပေါလစ္စတာအစားဝင်လာသည့် ဆပ်တန်က တစ်ဂိုးပြန်သွင်းကာ ချေပနိုင်ခဲ့သော်လည်း ပွဲချိန် ၇၈ မိနစ်တွင် ဘာစီလိုနာမှ ဂူလီက တစ်ဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၈၂ မိနစ်တွင် ဘာစီလိုနာမှ လာဆင်က တစ်ဂိုးသွင်းယူခဲ့၍ ဘာစီလိုနာတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များအဖြစ် ချယ်လ်ဆီးနှင့် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးမှ ကာဒိုဇိုနှင့် ပီအက်စ်ဂျီမှ အမ်ဘာမီ ဘောလုံးယှဉ်လုစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပီအက်စ်ဂျီနှင့်ချယ်လ်ဆီး

ချန်ပီယံလိဂ်အုပ်စု(ဇ)မှအသင်းများဖြစ်သည့် ပီအက်စ်ဂျီနှင့် ချယ်လ်ဆီးအသင်းတို့ ပီအက်စ်ဂျီကွင်းဖြစ်သည့် ပါဒီပရင့်စ်ကွင်း၌ စက်တင်ဘာ ၁၄ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ယခုနှစ်တွင် ခြေစွမ်းပြပြီး နိုင်ပွဲများရနေသော ချယ်လ်ဆီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူးများဖြစ်သည့် ပေါလက်တာ၊ အိုဘီချီ၊ ရိုသန်နှင့်အမ်ဘာမီတို့ကလည်းခြေစွမ်းမပြနိုင်ဘဲရှိရာ ပွဲစတင်ကစားကတည်းက ချယ်လ်ဆီးတို့က ကစားကွက်အသာဖြင့် ဖိကစားနိုင်ခဲ့သည်။

ချယ်လ်ဆီးတွင် လူစုံပါဝင်ကစားခဲ့ရာတွင် နားလည်မှုရှိရှိဖြင့် ဘောလုံးပေးပို့မှုများ ကွက်တိဖြစ်နေမှုကြောင့် ပွဲချိန်၂၉မိနစ်တွင် ချယ်လ်ဆီးအတွက် ဂျွန်တယ်ရီကအဖွင့်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၄၅မိနစ်တွင် ဒရော့ဘာက ဒုတိယဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းတွင်ပင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ပီအက်စ်ဂျီတို့ ချေပဂိုး ရရှိရေးကြိုးစားသော်လည်း ချယ်လ်ဆီးနောက်တန်းကို မကျော်နိုင်ခဲ့သည့်အပြင် အဝေးမှကန်ချက်များလည်း လွဲချော်နေမှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီနောက်တန်းမှ ခံစစ်မှူးများဖြစ်သည့် အမန့်၊ ဟီလ်ဒါ၊ မင်ဒီနှင့် ဖန်ဖန်တို့ကလည်း နားလည်မှုလွဲလျက်ရှိပြီး အမှားအယွင်းများဖြစ်လျက်ရှိရာမှ ပွဲချိန်၇၅မိနစ်တွင် ချယ်လ်ဆီးမှ တိုက်စစ်မှူးဒရော့ဘာက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် သုံးဂိုး-ဂိုးမရှိဖြင့် ချယ်လ်ဆီးတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဗလင်စီယာနှင့်အန်ဒါလက်ချ်

အုပ်စု(ဆ)မှ အသင်းများဖြစ်ပြီး ဗလင်စီယာကွင်း မက်တယ်လာ၌ စက်တင်ဘာ၁၄ရက်ကယှဉ်ပြိုင်ကစားရာ ဗလင်စီယာက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဗလင်စီယာအတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၇ မိနစ်တွင် ဗီဆင်တီက တစ်ဂိုး၊ ပွဲချိန် ၄၅မိနစ်တွင် ဂူဆင်ဘာရာဂျာက တစ်ဂိုးသွင်းယူခဲ့သည်။ လာလီဂါလက်ရှိချန်ပီယံ ဗလင်စီယာတို့ အဖွင့်ပွဲ အိမ်ကွင်း၌ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်နှင့်ဝါဒါဘရီမင်

ချန်ပီယံလိဂ်အုပ်စု(ဆ)မှ အသင်းများဖြစ်ပြီး အင်တာမီလန်ကွင်း ဆန်စီရို၌ စက်တင်ဘာ ၁၄ ရက်က ယှဉ်ပြိုင်ကစားရာ အင်တာမီလန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နည်းပြသစ် မန်စီနီအတွက် အိမ်ကွင်း၌ အင်တာမီလန်တို့ အနိုင်ရရှိအောင် စီမံနိုင်ခဲ့သဖြင့် ဂုဏ်တက်ခဲ့ပြီဖြစ်သည်။

အင်တာမီလန်အတွက် ပွဲချိန်၃၃ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ရရှိရာ ယင်းပြစ်ဒဏ်ဘောကို အင်ဒရီယာနိုက ကန်သွင်း၍ တစ်ဂိုးရရှိပြီး ပွဲချိန် ၈၈မိနစ်တွင် အင်ဒရီယာနိုကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် အင်တာမီလန် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒိုနက်စ်နှင့်အေစီမီလန်

ဒိုနက်စ်၏ကွင်း ရှိတ်ယော၌ စက်တင်ဘာ၁၄ရက်က ယှဉ်ပြိုင်ကစားရာ အေစီမီလန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အေစီမီလန်တို့က အဝေးကွင်း၌ ခြေစွာသည်ဖြစ်ရာ အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ အေစီမီလန်အတွက် ပွဲချိန် ၈၄ မိနစ်တွင် ဆီးဒေါ့ဖ်က တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သဖြင့် အေစီမီလန်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဒိုနက်စ်အသင်းမှ ဒါရီဂျိုဆီနာမှာ ပွဲချိန် ၅၃ မိနစ်တွင် ကစားပုံကြမ်းတမ်းသဖြင့် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။

ချန်ပီယံလိဂ် အုပ်စုအဖွင့်ပွဲစဉ်များ၌ နာမည်ကြီး အင်္ဂလန်အသင်းများနိုင်ပွဲရရှိခဲ့ပြီး ပွဲဦးထွက်အောင်ပွဲများရရှိခဲ့ကာ ချန်ပီယံလိဂ် ဖလားကိုချိန်ရွယ် မျှော်မှန်းမှုများ လက်တွေ့၌ အနိုင်ပွဲများ ဆက်လက်ရရှိရန် ကြိုးစားကြရဦးမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ် ဂျာမနီမကစားလို

ဘာလင် စက်တင်ဘာ ၁၅

အိမ်ရှင်အဖြစ်ကျင်းပမည့် ဂျာမနီသည် ၂၀၀၆ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်ကို ကစားမည် မဟုတ်ကြောင်း ပြိုင်ပွဲကျင်းပရေးဥက္ကဋ္ဌ ဖရန့်ဇ်ဘက်ကင်ဘောင်ဝါက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ဂျာမနီနည်းပြ ကလင်းစမန်းက ပိုမိုပြင်ဆင်ချိန်ရရှိလိုသည့်အတွက် အဖွင့်ပွဲစဉ်ထက် သုံးရက်ကြာပြီးမှ ပြိုင်ပွဲကို စတင်ကစားလိုကြောင်း ဆန္ဒရှိသည်ဟု ဘက်ကင်ဘောင်ဝါက သတင်းထောက်များအား အတည်ပြုပြောကြားသည်။

မူလအစီအစဉ်အရ ဂျာမနီအသင်းသည် မြူးနစ်မြို့၌ အဖွင့်ပွဲစဉ်ကို ကစားမည့် အစီအစဉ်ကို ပြောင်းလဲဖွယ်ရှိကြောင်း ဘက်ကင်ဘောင်ဝါက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှားအားကစား

ဆွစ်ဇာလန်နိုင်ငံသား ရိုဂျာဖီဒါယာ ယူအက်စ်အိုးပင်းတွင် အနိုင်ရဗိုလ်စွဲ

နယူးယောက် စက်တင်ဘာ ၁၅

ဆွစ်ဇာလန်နိုင်ငံသား ရိုဂျာဖီဒါယာသည် စက်တင်ဘာ ၁၂ ရက်က ယူအက်စ်အိုးပင်း အမျိုးသားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဩစတြေးလျမှ အယ်လီတန်ဟီးဝှစ်အား ၆-၀၊ ၇-၆၊ ၆-၀ မှတ်ဖြင့် အနိုင်ရကာ ယူအက်စ်အိုးပင်း ဆုဖလားကို ဆွတ်ခူးသွားပြီဖြစ်သည်။

ရိုဂျာဖီဒါယာသည် ပထမအကျော့ ၁၈မိနစ်တွင် ကမ္ဘာ့နံပါတ်တစ်ဖြစ်ရန် အလွန်နီးစပ်ခဲ့သည်။ သို့ရာတွင် ဟီးဝှစ်သည် ဒုတိယပိုင်းအကျော့တွင် အကြိတ်အနယ် ပြန်လှန်ထိုးနှက်ကစားခဲ့သည်။ တတိယအချီတွင် ဖီဒါယာသည် အဆက်မပြတ်ရိုက်ချက်များဖြင့် ကစားခဲ့ပြီးနောက် ယူအက်စ်အိုးပင်းတွင် သူ၏လေးကြိမ်မြောက် ဗိုလ်လုပွဲကို အောင်ပွဲဆင်နိုင်ခဲ့သည်။

အသက်၂၃နှစ်ရှိ ဖီဒါယာသည် သူ၏ပထမဆုံးသော ယူအက်စ်အိုးပင်း ဗိုလ်လုပွဲသည် ရင်သပ်ရှုမောရလောက်အောင် ဖြစ်ခဲ့ရသည်။ ပွဲစဉ်တစ်လျှောက် အေးဆေးစွာယှဉ်ပြိုင်အနိုင်ရခဲ့သည်။

(အင်တာနက်)

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အနိုင်အရှုံး

လန်ဒန် စက်တင်ဘာ ၁၅

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၄ ရက်က စတင်ယှဉ်ပြိုင်လျက်ရှိရာ အနိုင်အရှုံးမှာအောက်ပါအတိုင်းဖြစ်သည်။

အာဆင်နယ်	၁	၀	ပီအက်စ်ဗွီ
ဗလင်စီယာ	၂	၀	အန်ဒါလက်ချ်
အေစီမီလန်	၁	၀	ရှက်တာဒိုးနက်စ်
ပေါ်တို	၀	၀	စီအက်စ်ကေအေ
အင်တာမီလန်	၂	၀	ဝါဒါဘရီမင်
ပါနာသီနာကို့စ်	၂	၁	ရိုဇင်ဘော့ဂ်
ဘာစီလိုနာ	၃	၁	ဆဲလ်တစ်

အမ်အင်အေ၊ရိုက်တာ



ဒရော့ဘာ၏အဝါကတ် အက်ဖ်အေပယ်ဖျက်

လန်ဒန် စက်တင်ဘာ ၁၅

ပရီမီးယားလိဂ်ပြိုင်ပွဲအဖြစ် ချယ်လ်ဆီးအသင်းနှင့်အက်စတွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ချယ်လ်ဆီးမှ ဒရော့ဘာက ဟန်ဆောင်လှဲချသည်ဟုဆိုကာ ဒိုင်လူကြီးရော့ဘ်စတီလက်စ်က အဝါကတ်ပြခဲ့သည်ကို ပယ်ဖျက်လိုက်ကြောင်း အဆိုပါဘောလုံးအဖွဲ့ချုပ်က တနင်္လာနေ့၌ပြောသည်။

အိုက်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာသည် မိနစ် ၈၀ တွင် ပယ်နယ်တီဧရိယာအတွင်း ဗီလာနောက်တန်းလူ ဒီလာခရုဇ်၏ လမ်းကြောင်းအပေါ် ဟန်ဆောင်လှဲချခဲ့မှုအတွက်အဝါကတ်ပြခံရသည်။ ဒိုင်အဖွဲ့ဝင်များက ဗီဒီယိုတိပ်ခွေဖြင့် ပြန်စစ်ဆေးခဲ့ပြီးနောက် ဒရော့ဘာ၌ အပြစ်မရှိကြောင်း သိရှိရသည့်အတွက် အဝါကတ်ကို ယင်းသို့ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ဆုဖလားနှင့်အတူ

ဆွစ်ဇာလန်မှ တင်းနစ်အားကစားသမား ရိုဂျာဖီဒါယာအား ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဩစတြေးလျမှ အယ်လီတန်ဟီးဝှစ်ကို အနိုင်ရ ဗိုလ်စွဲအပြီး ဆုဖလားနှင့်အတူ ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကိုယနေ့ညနေ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပတ္တမြားနဂါးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပွဲမစတင်မီ မိုးသည်းထန်စွာရွာသွန်းသဖြင့် ကွင်းချောပြီး နှစ်သင်းစလုံး စိတ်ကြိုက်ကစားကွက်မဖော်နိုင်ခဲ့ပေ။ ပထမပိုင်း၌ နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားနိုင်သော်လည်း ပွဲအေးနေပြီး ဦးဆောင်ဂိုးမသွင်းနိုင်၍ ဂိုးမရှိသရေ ဖြစ်နေသည်။

ဒုတိယပိုင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်း ကစားကွက်ဖော်ပြီး အဆက်မပြတ် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ဝှက်ဇာကမ်းက ပတ္တမြားနဂါးအသင်း ဂိုးဧရိယာဘယ်ကြောမှ ဘောလုံးဆွဲယူလာပြီး ဂိုးထောင့်ကျဉ်းသို့ လှလှပပကန်သွင်းယူခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဦးဆောင်ဂိုး သွင်းယူပြီးနောက် အပြန်အလှန် ထိုးဖောက်ကစားပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့်များလည်း ရရှိခဲ့ကြသည်။ ပွဲပြီးခါနီးတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်မင်းသက်နှင့် အောင်မိုးဦးတို့ သေချာပေါက် ဂိုးသွင်းခွင့်များ ရရှိသော်လည်း ဂိုးမဝင်၍ တစ်ဂိုးနှင့်သာ ကျေနပ်လိုက်ရသည်။

ယနေ့ပွဲ

စက်တင်ဘာ ၁၆ ရက်**(ယနေ့)** ညနေ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

အပြည်ပြည်ဆိုင်ရာသက်ကြီး ရွယ်အိုများနေ့အထိမ်းအမှတ် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ငွေပဒေသာပင်နှင့်ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျင်းပမည့် "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သီလရှင်လေးများဘိုးဘွားရိပ်သာ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေးကော်မတီနာယက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် တာဝန်ရှိသူများ၊ သီလရှင်လေးများ၊ ဘိုးဘွားရိပ်သာဂေဟာမှူး Mother Clare နှင့်အဖွဲ့ဝင်များ၊ အဘိုးအဘွားများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်း၊ ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ သီလရှင်လေးများ ဘိုးဘွားရိပ်သာမှ ဂေဟာမှူး Mother Clare က လက်ခံသည်။ **(အပေါ်ပုံ)**

မှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းက အလှူရှင်များ လှူဒါန်းထားသော ဆေးဝါးများကိုပေးအပ်လှူဒါန်းရာ စာရင်းကိုင် စစ္စတာမာရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါကုအဖွဲ့ နှစ်လည်စည်းဝေးမည်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါကုအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပမည် ဖြစ်ကြောင်းနှင့် အသင်းသားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးအသင့်အတင့်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၇-အေ) မြေကွက်အမှတ် ၇/က၂ မလော်ကီ အမည်ရှိ မြေပိုင်မြေကို ဦးလူထွေး ၁၂/အစန(နိုင်)၁၅၇၄၂၄က အမည်ပြောင်းလွှဲ့ပြောင်းထားခြင်းနှင့်မင်္ဂလာဒုံမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၅၂၆/ခ မြေကွက်အမှတ် ၂၈ကို ဦးဝင်းခိုင်၁၂/တမန(နိုင်)၀၂၂၁၉၀က ဂရန်သစ် လွှဲ့ပြောင်းထား လာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန။

အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)တရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် တိပိဋကရေခမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)သည် တော်သလင်းလဆန်း ၈ရက် (စက်တင်ဘာ၂၁ရက်)မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ **(က-ပ)**

သက်ကြီးရွယ်အိုများနေ့ စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။

ဖတ်ကြားတင်သွင်း

အဆိုပါ စာတမ်းဖတ်ပွဲ အခမ်းအနားကို မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ စာရေးဆရာ ဦးမျိုးသန့် (မောင်ဆုရှင်)က "သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် နိုင်ငံတကာ စံနှုန်းများ" စာတမ်းကိုလည်းကောင်း၊ စာရေးဆရာ ဦးတင်လှိုင် (လယ်တွင်းသား စောချစ်)က "မြန်မာ့လူနေမှုစနစ်နှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေး"စာတမ်းကိုလည်းကောင်း၊ စာရေးဆရာဒေါက်တာတင်ထွန်းဦးက "သက်ကြီးရွယ်အိုနှင့် ကျန်းမာရေး ပြဿနာအဖြာဖြာ" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

တက်ရောက်နိုင်

စာတမ်းဖတ်ပွဲ အခမ်းအနားကို စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်ရာမြေသုံးထပ်သိမ်ကျောင်းဖိတ်ကြားနှိုးဆော်စာ

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းမကြီး ကုလားစုမှတ်တိုင် (ဆ/ခ)ရပ်ကွက်မေခအိမ်ရာ အောင်ရာမြေပရိယတ္တိစာသင်တိုက်၌ (ဘုံခုနစ်ဆင့်ပါ) သုံးထပ်သိမ်ကျောင်းတော်ကြီးကို (၁၀-၁၀-၂၀၀၃) ရက်မှစတင်တည်ဆောက်ခဲ့ပြီး (၂၃-၁၁-၂၀၀၄) ရက်မှစ၍ (၂၅-၁၁-၂၀၀၄)ရက်အထိ သုံးရက်တိုင်တိုင် ပဋ္ဌာန်းပွဲ ကျင်းပပါမည်။ (၂၆-၁၁-၂၀၀၄)ရက် ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်(သောကြာနေ့)နံနက် ၉နာရီတွင် ကထိန်ခင်းပွဲ၊ သိမ်တော်ကြီး ရေစက်သွန်းချ အမျှပေးဝေပွဲ ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလှူရှင်များလာရောက်ကြည်ညို ရေစက်သွန်းချ အမျှဝေကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဒါနပါရမီ ဖြည့်လိုသူများ ပဋ္ဌာန်းဆက်ပါသူများသည် (၂၈-၁၀-၂၀၀၄) ရက်အတွင်း ဖုန်း-၅၇၃၃၄၇ သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။ (၂၆-၁၁-၂၀၀၄)ရက်မှစ၍ အလှူရှင်များ၏ အမည်ပါ ရ/ကုန်စာရင်းရှင်းတမ်းစာအုပ်ထုတ်ယူနိုင်ကြပါသည်။

သိမ်ကျောင်းတော်ဖြစ်မြောက်ရေးကျောင်းဒကာများအဖွဲ့။

မွေးနေ့ဆုတောင်း

ချစ်သောခင်ပွန်းနိုင်အတွက်

စက်တင်ဘာ (၁၆)ရက်မှာ ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်တဲ့ဇနီးလေးနှင့် လိုရာဆန္ဒပြည့်စုံစွာဖြင့် ထာဝရပေါင်းသင်းနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။ **ချစ်ဇနီးလေး နီ။**









ကျေးလက် သတင်းနှင့် မြင်ကွင်း

ရွှေတောင်မြို့နယ်တွင် ပဏ္ဍိတစာကြည့်တိုက်ဖွင့်၊ ရည်ရွယ်ချက်ရှင်းလင်း စာအုပ်စာတမ်းများကို အလှူရှင်များက ပေးအပ်လှူဒါန်း

ရွှေတောင် စက်တင်ဘာ ၁၃

ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အုပ်စု အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မင်းကွန်းအုပ်စု၊ လက်ခုတ်တန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ပဏ္ဍိတစာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ၁၀ရက်က ကျေးရွာမူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးလှဝင်းတင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဦးလှမျိုးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးမောင်ကိုတို့က စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက် (၃) ဒေါ်ကြင်ကြင်သန်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှင်းလင်းဆွေးနွေးပြီးနောက် စာအုပ်စာတမ်းများအား အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပန်းအိမ်စာကြည့်တိုက်ဖွင့်

ကျောက်မဲ စက်တင်ဘာ ၂

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို ကျောက်မဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဖွင့်လှစ်လျက်ရှိရာ ဩဂုတ် ၇ ရက်က ကျောက်မဲမြို့နယ် ပန်စံ(ဝိုး) ကျေးရွာအုပ်စုစာပန်းအိမ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးကျော်ဝင်းကိုနှင့် ပန်စံ(ဝိုး) ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းဆုတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်စာပန်းအိမ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးက စာအုပ်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင် ဦးစိုင်းထွန်းရွှေက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

ဒွိဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❒ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရေး။
- ❒ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❒ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❒ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❒ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❒ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်များ ငပုတောမြို့နယ်တွင် အခမ်းအနားဖြင့်ဖွင့်

ငပုတော စက်တင်ဘာ ၅

ငပုတောမြို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကိုကိုအောင်၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်များ ဖွင့်ပွဲကို ဩဂုတ် ၃၀ရက်က တမန်ချောင်းအုပ်စု "နှင်းနဝေ" ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မာလာဝင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဖွင့်ပွဲကျင်းပ

အလားတူ ကျေးလက်စာကြည့်တိုက်များကို ၂၁ရက်မှ ၃၁ရက်အထိ မြို့နယ်အတွင်းရှိ သမ္မာဒေဝတွင် "ပန်းနုဝေ"၊ အုပ်သင်္ဘော်တွင် "အလင်းတံခါး"၊ ကြာကွင်းတွင် "မိုးဆန်းပန်း"၊ အုတ်ရှစ်ကွင်းတွင် "ပွင့်ဦးကဗျာ"၊ ငါးရံ့ချောင်း တောင်ချောင်းတွင် "လင်းရောင်ခြည်"၊ စမ်းစဉ်းအိုးဘိုတွင် "ပညာဘဏ်"၊ ဂုံညှင်းတန်းတွင် "ပညာရွာ"၊ ဟင်းအိုးချောင်းတွင် "သုတ"၊ ကွင်းချောင်းတွင် "ရောင်ခြည်ဦး"၊ ကမ်းနီတွင် "အလင်းပြ"၊ အုတ်ပုံရေကျော်တွင် "ပွင့်သစ်စ"၊ ရွှေတောင်တွင် "ဆန်းရှိုင်း"နှင့် ကြပ်စင်ချောင်းတွင် "ဆာမူထော်"စာကြည့်တိုက်များကို ဖွင့်လှစ်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်မဲမြို့နယ်၌ ကျေးလက်စာကြည့်တိုက်များဖွင့် လုပ်ငန်းအောင်မြင်ရှင်သန်ရေးဟောပြောပွဲများကျင်းပ

အိမ်မဲ စက်တင်ဘာ ၈

အိမ်မဲမြို့နယ် မကျီးချောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ကို ဩဂုတ် ၆ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မေမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ထွေးနှင့် ရပ်ကွက်အသင်းစည်းရုံးရေးမှူး ဦးရွှေမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဟောပြောပွဲကျင်းပ

ထို့နောက် ကိုယ့်အားကိုယ်ကိုးကျေးလက် စာကြည့်တိုက်များကို မြို့နယ်အတွင်း ဖွင့်လှစ်လျက်ရှိရာ ဩဂုတ် ၃ရက်မှ ၈ရက်ထိ ဆတ္တု၊ ကွင်းကြီးဇီးဖြူကုန်း၊ အစုကြီးကျောင်းစု၊ လက်ပံကုန်း၊ ကျုံကနိ၊ ကျုံလမုညောင်ဝိုင်း၊ မကျီးချောင်း၊ ပုလဲချောင်၊ လှည်းဆိပ်တူးမြောင်း၊ ဝဲကြီးကူရွာ၊ ကမန်းအုန်းပင်စုနှင့် အိုင်ကြီးကျေးရွာများတွင် ဖွင့်ပွဲအခမ်းအနားများနှင့် စာကြည့်တိုက်အောင်မြင်ရှင်သန်ရေး အကြောင်းဟောပြောပွဲများ ကျင်းပခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

- ✳ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။
- ✳ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ရွှေဘိုမြို့နယ်တွင် လက်တွန်းထွန်စက်များပေးအပ် ထွန်စက်လုပ်ဆောင်မှုနှင့် စွမ်းရည်ရှင်းလင်း

ရွှေဘို စက်တင်ဘာ ၁၀

ရွှေဘိုမြို့ စက်မှုလယ်ယာ ဦးစီးဌာနရုံးဝင်း၌ လယ်ယာ ၁၆ လက်တွန်းထွန်စက် ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ၃ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

လယ်ယာ ၁၆ လက်တွန်းထွန်စက်ပေးအပ်ပွဲတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွန်းက လယ်ယာ ၁၆ လက်တွန်းထွန်စက် စွမ်းရည်နှင့် လုပ်ဆောင်နိုင်မှုများအား ရှင်းလင်းပြောကြားသည်။

စာရွက်စာတမ်းပေးအပ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်စနစ်ဖြင့် ဝယ်ယူထားသည့်တောင်သူ၁၄ဦးတို့ကိုယ်စား တောင်သူ တစ်ဦးအား လယ်ယာ ၁၆ လက်တွန်းထွန်စက်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပေးအပ်သည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ရွှေကျင် အထက ပညာရည်ချွန်ဆုပေး

ရွှေကျင် စက်တင်ဘာ ၈

ရွှေကျင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ်၂၈ ရက်က ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးကို ကျင်းပပြီးနောက် ဆုရကျောင်းသား ကျောင်းသူများအား ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(အောက်ပုံ) (၃၂၉)**

မိုးနဲမြို့နယ်အတွင်း ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး ကျေးရွာပြည်သူများအားပညာပေးစည်းရုံးဆွေးနွေး

မိုးနဲ စက်တင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးနဲမြို့နယ်အား ၂၀၀၄–၂၀၀၅ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်ရေး သတ်မှတ်လျာထားချက်နှင့်အညီ မြို့နယ်ရဲတပ်ဖွဲ့မှဆောင်ရွက်လျက်ရှိရာ စခန်းမှူးရဲအုပ်ဦးနေဝင်း ဦးဆောင်သည့် ရဲအရာရှိများနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ဩဂုတ်၂၅ ရက်က မြို့နယ်အတွင်းရှိ ဆွမ်မရမ်း၊ နမ့်မော်လေး၊ လွယ်လန်း၊ လွိုင်ယုကာ၊ နားခံ၊ပန်အူ၊ ဝမ်ယေး၊ ကုန်းကျောင်း စသည့်ကျေးရွာများသို့ သွားရောက်ကာ ကျေးရွာတောင်သူများနှင့်တွေ့ဆုံပြီး ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး လုပ်ငန်းများကို ပညာပေးစည်းရုံး ဆွေးနွေးဟောပြောကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေရောင်ဝင်း လယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမ နှစ်ပတ်လည်စည်းဝေး၊ အစုပေါ် အမြတ်ခွဲဝေပေး

ဆားလင်းကြီး စက်တင်ဘာ ၅

ဆားလင်းကြီးမြို့နယ် ရွာရှည်ကျေးရွာအုပ်စု ရွှေရောင်ဝင်း လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၂၀၀၃–၂၀၀၄ ခု နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အဆိုပါအသင်းဆိုင်တွင် ဩဂုတ် ၁၈ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြအေးက အမှာစကားပြောကြားပြီး လုပ်ငန်းအစီရင်ခံစာကို အမှုဆောင် ဦးသန်းရွှေက လည်းကောင်း၊ ဘဏ္ဍာရေး ရှင်းတမ်းများကို အမှုဆောင် ဦးသိန်းအောင်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထမ်းဆောင်

ဆက်လက်၍ အစည်းအဝေးတက်ရောက်သူ အသင်းသား ၁၀၁ ဦးတို့အား အစုပေါ်အမြတ်ငွေကျပ် ၄၀၉၃၀ ကို ခွဲဝေပေးပြီး ကျသင့်သည့်ဝင်ငွေခွန်၃၆၆၄ကျပ်၄၀ပြားကိုထမ်းဆောင်ခဲ့ကြသည်။ **(၃၄၆)**

ဩဂုတ် ၃၁ ရက်က ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကို ဦးဆောင် ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေး ဝန်ထမ်းများက ကျွန်စစ်သားလမ်းနှင့် ဗိုလ်ချုပ် လမ်းဘေးဝဲယာ တို့တွင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဩဂုတ် ၃၀ရက်က လှည်းကူးမြို့ ခြောက်လမ်းသွား အမြန်လမ်းမကြီး ဝဲယာတွင် မြေသားပြုပြင်ခြင်းနှင့်မြေသားကပ်ခြင်းလုပ်ငန်းအား စက်ယန္တရားများဖြင့် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီနှင့်ဝန်ထမ်းများက လှပခြင်း ကျေးရွာအုပ်စု အတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် စက်တင်ဘာ ၂ ရက်က ကွင်းဆင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

စစ်ကိုင်း စက်တင်ဘာ ၂

စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၃/၂၀၀၄)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၆ ရက်က စစ်ကိုင်းမြို့ မြဇေရာ အစည်းအဝေး ခန်းမတွင် ကျင်းပရာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင် အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းသို့ စစ်ကိုင်း ခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်တို့မှ စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ **(က–ပ)**

မိုင်းမော–အောင်ချမ်းသာ ကျေးလက်ကျောက်ချောလမ်းခင်း ငွေကျပ် ၅၇ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်မည်

မြစ်သား စက်တင်ဘာ ၁၀

မန္တလေးတိုင်း မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မိုင်းမော–အောင်ချမ်းသာ ကျေးလက်ကျောက်ချောလမ်းဖောက်လုပ်မှုကို စက်တင်ဘာ ၂ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးကျော့ချမ်းမြိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စိုးတို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်

အဆိုပါ ကျေးလက်ကျောက်ချောလမ်းအရှည်မှာ ပေ ၃၅၆၀၊ အကျယ် ၁၂ပေ ထု ၉ လက်မခွဲဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၅၇၅၀၀၀၀ အကုန်အကျခံ ဆောင်ရွက်သွားမည် ဖြစ်သည်။

(မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့သာယာလှပရေး ကွင်းဆင်းဆောင်ရွက်

ကျိုင်းတုံ စက်တင်ဘာ ၉

ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် စက်တင်ဘာ ၂ရက်က အထက(၂)လမ်း လမ်းပေါက် ဖာထေးခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



မန္တလေးတိုင်းစည်ပင်သာယာလုပ်ငန်း အဆင့်မြှင့်တင်ရေးစည်းဝေး

ညောင်ဦး စက်တင်ဘာ ၁၃

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့၏ စည်ပင်သာယာရေးလုပ်ငန်း အဆင့်မြှင့်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ရက်က ညောင်ဦး(ပုဂံ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ရှင်းလင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက စည်ပင်သာယာရေး ဦးစီးဌာနတွင် ဩဂုတ် ၂၃ရက်က ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိများက မြို့ပြ၊ ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ညောင်ဦးမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ညောင်ဦး(ပုဂံ) မြို့အား အမှိုက်ကင်းမဲ့ နယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်းရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

မိုင်းဖြတ်မြို့နယ် ဆွပ်ပန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၃ ရက်ကကျင်းပရာ မိုင်းဖြတ်မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်၊ နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအိုက်ရီပန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကသာခရိုင် ထွေ/အုပ်ဦးစီးစာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်း

ကသာ စက်တင်ဘာ ၉

ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကြီးမှူးဖွင့်လှစ်သော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူး၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးဇော်ဝင်းနှင့် ခရိုင်ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဌေးညွှန့်တို့က အမှာစကားများ ပြောကြားကြပြီးနောက် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်(၂/၂၀၀၄)တွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်မြို့နယ် ပညာရေးဌာနမှကြီးမှူးကျင်းပ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်၊ ဆုများချီးမြှင့်

မော်လမြိုင် စက်တင်ဘာ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပညာရေးဌာနမှ ကြီးမှူးကျင်းပသော ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီး အခြေခံပညာအဆင့် ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်က မော်လမြိုင်မြို့ အမှတ်(၈)အထက ယင်းမာခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးတင်ညွှန့်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** အမှာစကားပြောကြားသည်။ အခမ်းအနားသို့ မော်လမြိုင် မြို့နယ်ရှိ ကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ကျောင်းအုပ်ဆရာ၊ ကျောင်းအုပ်ဆရာမများ တက်ရောက်ကြသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်ညွှန့်နှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆုရကျောင်းသား ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(၁၆၈)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဩဂုတ် ၂၀ ရက်က ပုလဲမြို့ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ပြန်လည် စစ်ဆေးပြုပြင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ တာဝန်ခံ အင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်က ရှင်းလင်းရာ တိုင်း စည်ပင်သာယာရေးအဖွဲ့မှလက်ထောက်အင်ဂျင်နီယာ ဦးနွယ်မွန်၊ အမှုဆောင်အရာရှိ ဦးမျိုးညွှန့်နှင့် ကျေးလက်တာဝန်ခံများ တက်ရောက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

ဩဂုတ် ၂၈ရက်က ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် အခြေခံပညာ အထက်တန်းကျောင်းခွဲ တပ်ကြီးကုန်း မော်ဘီမြို့နယ်၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပရာ ပညာရည်ထူးချွန်ဆုရသူတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးတင်လှထွန်းက ဆုချီးမြှင့်စဉ်။ (က–ပ)

ကြီးကြပ်ဆောင်ရွက်

ဩဂုတ် ၂၃ရက်က မော်လမြိုင်ကျွန်း မြို့တွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အဖွဲ့ပိုင် မြို့မဈေး၊ အောင်သာယာဈေးနှင့် ဆိပ်ကမ်းသာဈေး အတွင်းတွင် စည်ပင်သာယာရေးဝန်ထမ်းများနှင့်ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း– ၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

ရှင်းလင်းတင်ပြ

စက်တင်ဘာ ၂ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် သာပေါင်းမြို့ သန့်ရှင်း သာယာလှပရေးအတွက်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြ ကြစဉ်။ (မြို့နယ်စည်ပင်)

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနေ
ဒေါက်တာ ဦးတင်မောင်ထွေး(ရင်ခေါင်းခွဲစိတ်ကုဆရာဝန်ကြီး)–ဒေါက်တာဒေါ်ခင်လှဲ့ယု
တို့၏သားလတ်

မောင်ညီညီအောင်

B.A Hons., Accounting and Finance (UK)

နှင့်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဓမ္မစေတီလမ်းနေ
သံအမတ်ကြီး ဦးညွန့်တင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့်
နိုင်ငံတကာလေ့လာရေးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်မေအောင်မြင့်
တို့၏သမီးထွေး

မဇာခြည်တင်

M.B.A. Finance (University of Ottawa, Canada)

တို့သည် ၂၇–၈–၂၀၀၄ရက်တွင် လန်ဒန်မြို့၌ နှစ်ဖက်သော လူကြီး၊ မိဘများနှင့် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး ထိမ်းမြားလက်ထပ် ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ညီညီအောင်–မဇာခြည်တင်။



လေလှိုင်း

T.V, Video နှင့် Satellite များကို သင့်စိတ်တိုင်းကျ အိမ်အရောက်လာ၍ ပြုပြင်တပ်ဆင်ပေးသည်။

ဦးသက်နောင်ဝင်း
Electronic Technician
ဖုန်း– ၅၄၅၃၆၁။

အမြန်ရောင်းမည်

လက်ရှိပြေးဆွဲနေသော မော်တော်ယာဉ်လိုင်း အပါအဝင် Mitsubishi Canter 86-Model၊၁၀ပေ 4D-32 (ကက/၈–––) အား ညှိနှိုင်းဈေး၊ ပွဲစားမလို။

ဆက်သွယ်ရန်ဖုန်း–၂၁၀၆၃၈။

တိုက်ခန်းအမြန်ရောင်းမည်

ဝေဇယန္တာလမ်း၊ကျွန်းတံအိမ်ရာ

MBR(2), BR (1) ပါ

ဖုန်း– ၅၇၀၂၇၄။

တိုက်ခန်းရောင်းမည်

နှင်းဆီကုန်းဘိုးဘွားရိပ်သာ(ရှေ့) ဗဟန်း၊စမ်းရေတွင်းလမ်း(ဆိတ်/ငြိမ်) ၁၆ပေXပေ၆၀ ဒုထပ် (ပြင်ဆင်ပြီး)။ ဖုန်း– ၇၂၇၄၀၈၊ ၇၂၄၇၇၆။





ကျေးဇူးဆပ်ပါမည် ကျွန်တော် ဗလမင်းခေါင်၏ E.D.H လက်မှတ် အမှတ် Certificate No. 9983/02 ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း–၅၉၀၂၂၁။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ လိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် ၃၆/မမ/ရုံးသုံးစက်ကိရိယာ(ဌာနခွဲအသီးသီး)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Electric Calculator	5 - Nos
2.	Colour Printer	1 - No
3.	Dot Metrix Printer, A_3	1 - No
4.	Copy Printer	2 - Nos.
5.	Scanner	2 - Nos
6.	PA System	10 - Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၉–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၅–၉–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊
မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅။
လိုင်းခွဲ–၆၀၂၊ ၆၁၃။

ဦးဝမ်းတင် (ဟသ်ာတ)
ဘီစီအက်(စ်)
အမှုထမ်းသက်ဒိုင်ယာရီ
အပိုင်း(၁)
ထွက်နေပြီ။

အမည်ပြောင်း

ဦးချစ်–ဒေါ်ခင်စန်းရီတို့၏ သမီး အထက(၁) ဒသမတန်း(B) ဖန်းမော်မှ မနွယ်နီဦးအား ယနေ့မှစ၍ မနွေနီဦးဟု ခေါ်ပါရန်။

မနွေနီဦး။

အမွေပြတ်စွန့်လွှတ်ခြင်း

မနှင်းဝေလွင်သည် မိဘဆိုဆုံးမခြင်းကိုမခံယူဘဲ အိမ်မှဆင်းသွားပါ၍ သမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဒေါ်အေးစိုး
၁၂/သကတ(နိုင်)၀၅၂၄၀၆။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ကြီးမြို့နယ်၊ ဟဲကယ်ကျေးရွာမှ မဝေမေ ၁၃/တကန(နိုင်) ၁၈၂၈၃၆ ကိုင်ဆောင်သူသည် လွန်ခဲ့သော တစ်နှစ်ခန့်မှ စတင်၍ ကျွန်တော်နှင့်သားငယ်အား ထားရှိပြီး မိမိ သဘောအတိုင်း နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

မောင်ညီညီနိုင်
၁၃/တကန(နိုင်) ၁၉၆၉၇၅
ရွှေညောင်။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
မွန်ပြည်နယ် နယ်တရားမရုံးတော်၌
၂၀၀၂ ခုနှစ် တရားမကြီးမှု အမှတ် ၁၈ နှင့် ဆက်သွယ်သည့်
၂၀၀၄ ခုနှစ် တရားမဇာရီမှု အမှတ် ၃

ဦးဇော်နိုင် **နှင့်** ၁။ ဦးဘဘုကြီး(ခ)ဦးလှမောင်
၂။ ဒေါ်ခင်စန်းမြင့်

ဒီကရီအနိုင်ရသူ **တရားရှုံး**

(၁)ဦးဘဘုကြီး(ခ)ဦးလှမောင်(ယခင်နေရပ်လိပ်စာ အမှတ်၃၆) ရွှေဖျိုင်းဖြူဘုရားလမ်း၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၄ ခုနှစ် တရားရုံးချုပ် တရားမအယူခံမှုအမှတ် ၁၈၇/၂၀၀၄ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုနိုင်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇော်နိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၇ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ဤရုံးတော် လာရောက်စေ။

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၉ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ညွန့်
ပြည်နယ်တရားသူကြီး
မွန်ပြည်နယ်တရားရုံး၊ မော်လမြိုင်မြို့။

ကန့်ကွက်ရန်ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)၁၂၃ ရပ်ကွက်၊ အမှတ် ၃၁ အမည်ပေါက် ဦးထွန်း၏ ပါမစ်မှာ ပျောက်ဆုံးသွားပါသဖြင့် အိုးအိမ်ဦးစီးဌာန(မြေအခွန်ဌာနခွဲ)သို့ ပါမစ်မိတ္တူ လျှောက်ထားလိုပါသဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်း
မှတ်ပုံတင်အမှတ်–၁၂/ဗဟန(နိုင်)၀၄၅၇၈၂
အမှတ် ၅၁(A)၊
ကုက္ကိုင်းရိပ်သာလမ်း၊ဗဟန်းမြို့နယ်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်သိန်းအေးဝင်းသည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။ (မေးမြန်းခြင်းသည်းခံပါ။)

ဦးချစ်အေး ၁၂/သကတ(နိုင်)၀၅၅၈၈၉
ဒေါ်လှလှဝင်း DGN–၀၀၀၈၃၂

အောင်အင်္ဂလိပ်စကားပြောနှင့်သဒ္ဒါ သီးသန့်ဖွင့်မည်

အင်္ဂလိပ်စကားပြော နံနက် ၈နာရီခွဲမှ ၁၀နာရီပုံမှန်အတိုင်း၊ အင်္ဂလိပ်စာ သဒ္ဒါ ညနေ ၃ နာရီမှ ၄နာရီခွဲ ၂ လပြတ်၊ အထူးအင်္ဂလိပ်စကားပြော ၂ လပြတ်၊ ညနေ ၅ နာရီမှ ၆နာရီခွဲအထိ စက်တင်ဘာလ ၁၈ ရက်နေ့ဖွင့်မည်။ စနေ၊တနင်္ဂနွေသင်ကြားသည်။ ထို့ပြင် ဂျပန်၊တရုတ်၊ မလေးရှား၊ထိုင်း၊ကိုရီးယား၊ပြင်သစ်၊စာရင်းကိုင်ပုံမှန်လစဉ်ဖွင့်မည်။

တိုက် ၂၈၂၊ အခန်း ၁၊ ရန်ကင်းကြားမှတ်တိုင်အနီး၊ C.M.A ရုံးရှေ့ဘေးမှဝင်ရန်။
ကျောင်းအပ်လက်ခံပြီ။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ယာဉ်မောင်း (ကျား) ၂ ဦး
၂။ အထွေထွေလုပ်သား } (ကျား) ၅ ဦး
၃။ လုံခြုံရေး

(က) အမှတ်စဉ်(၁)အတွက် အသက် ၃၅နှစ်အောက်နှင့် လုပ်သက်သုံးနှစ်အထက် ရှိရမည်။
(ခ) အမှတ်စဉ်(၂)၊(၃)အတွက် ၈တန်းအောင်မြင်ပြီး သွက်လက်သူဖြစ်ရမည်။

ဓာတ်ပုံ နှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပုံစံ(၁၀) မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ထောက်ခံချက်နှင့်အတူ ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။

အမှတ် ၉၉၊ ဗညားဒလလမ်းနှင့် ၁၂၅လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးတင်ရှိခြင်း

ဒေါ်မြင့်မြင့်အေး (Rose)
S.A.T (ငြိမ်း)၊အထက(၈)၊ ၁၃နှင့် ၂၂ မန္တလေး
အထက(၂)လသာ
အသက် (၆၉)နှစ်

၉–၉–၂၀၀၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ကွယ်လွန်သူ မန္တလေးတက္ကသိုလ် မော်ကွန်းထိန်း(ငြိမ်း)ဦးသာဆိုင်၏ဇနီး၊ မိခင်ကြီးဒေါ်မြင့်မြင့်အေး၏ ဈာပနတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးခဲ့သော ထွန်းလင်းရောင်နှင့်ရွှေဇရာ ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာနှင့်ဇနီး၊ ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးခဲ့သော Myanmar Consolidated Media Co.,Ltd. ဒုတိယအမှုဆောင်အရာရှိချုပ်နှင့်ဇနီး၊ ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ်က မေတ္တာဖြင့်ကုသပေးခဲ့သောမိသားစု ဆရာဝန်ကြီးနှင့် ဇနီးအားလည်းကောင်း၊ Diamond Dragon မိသားစု၊ Oriental House မိသားစု၊ ဆရာ ဆရာမများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ နှစ်သိမ့်အားပေးစကား ပြောကြားကြသူများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဒေါက်တာမြင့်သိန်း (မန္တလေးတက္ကသိုလ်၊ ရူပဗေဒဌာန၊ ပါမောက္ခ) ၏ ဇနီး၊ ဒေါက်တာဒေါ်မြရွှေ ကွယ်လွန်ကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရူပဗေဒမိသားစု
ပင်လုံတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ အောင်ကိုကို
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
အသက် (၅၃)နှစ်

ဒေါက်တာအောင်ကိုကို (ဆေးမှူးချုပ်)သည် ၈–၉–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာဝန်ကြီးနှင့်ဆေးရုံဝန်ထမ်းများ
ချောက်ရေနံဆေးရုံ။

ဝမ်းနည်းကြေကွဲခြင်း

ညီအစ်မအရင်းပမာ ချစ်ခင်ရပြီး မိတ်ဆွေသူငယ်ချင်းများအပေါ် စိတ်ကောင်း၊ စေတနာကောင်းဖြင့် ကူညီရိုင်းပင်းခဲ့သည့် မညို၊ မိမော်တို့၏ အစ်မ ဒေါ်တင်တင်ချို အသက်(၄၈)နှစ်သည် ၁၂–၉–၂၀၀၄ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခဲ့သည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဒေါ်ထွေးထွေးဝင်း၊ဒေါ်တင်တင်မိုး၊ဒေါ်မိုးမမကျော်။**

ဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်(၂)ရန်ကုန် ဆေးပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မေအုန်း၏ မိခင် ဒေါ်တင်အေး (၈၃)နှစ်သည် ၁၃–၉–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊
ဝန်ထမ်းများ၊
ဆေးတက္ကသိုလ်(၂)ရန်ကုန်။

ဦးမင်းနိုင်

ညွှန်ကြားရေးမှူး(အငြိမ်းစား)ယဉ်ကျေးမှုဝိမာန်ဦးစီးဌာန၊ အမျိုးသားစာပေဆုရှင်၊မနုဿဗေဒ(တွဲဖက်ပါမောက္ခ၊ရန်ကုန်တက္ကသိုလ်)၊ ပရိယတ္တိသာသနာ့တက္ကသိုလ်၊မဟာဓမ္မာစရိယအတန်းပြင်စာစစ်၊ ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီဝင်၊နာယက(ရှေးရာပန်းပညာရှင်များ အစည်းအရုံး)၊ ပခုက္ကူဦးအုံးဖေ၊ စာပေဆုရွေးချယ်ရေးကော်မတီ၊ ရည်ညွှန်းကျမ်းများစိစစ်ရေးအဖွဲ့ဝင်၊အကဲဖြတ်အဖွဲ့ဝင်(ပန်းချီ၊ပန်းပုပြပွဲပြိုင်ပွဲ)၊ ယဉ်ကျေးမှုတက္ကသိုလ်နှင့်ပြတိုက်ပညာဒီပလိုမာသင်တန်း(ကထိက)

အသက်(၈၀)

ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပုတီးကုန်းမြို့နေ(ဦးဖိုးဟန်–ဒေါ်စောရင်)တို့၏သား၊ (ဦးစိန်ဟောင်း–ဒေါ်ကျင်ပွင့်)တို့၏သားသမက်၊ (ဒေါ်ခင်အေးမြင့်)(စာကြည့်တိုက်မှူး၊ ရှေးဟောင်းသုတေသနဦးစီးဌာန)၏ခင်ပွန်း၊(ဦးချန်ထွန်း–ဒေါ်ဖွားတင်)တို့၏မောင်၊ မစန်းစန်းမြင့်၏ဖခင်၊ (မငွေးရီ)၊ မဝင်းကြည်၊ ကိုမြင့်ဝေ၊ ကိုလှတင့်၊ ကိုခင်မောင်ထွန်း–မအေးအေးသိန်း၊ မခင်ထားထားရီ၊ မခင်နှင်းယု၊ မဝင်းပပချယ်ရီထွေးတို့၏ဦးလေးသည် ၁၄–၉–၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄း၅၀နာရီတွင် အမှတ် ၈၊ စန္ဒကူးလမ်း၊ အကွက် ၃၀၊ (ကမာကြည်လမ်း)၊သုဝဏ္ဏမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆–၉–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [နေအိမ်နှင့် ၃၃လမ်း(အထက်)လက်ဖက်ရည်ဆိုင်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးအေးကြူ(ခ) အစု (B.Sc)

မြန်မာ့လက်ရွေးစင်ကျွန်းဆွယ်သေနတ်ပစ်ချန်ပီယံဟောင်း စိန်ပေါ(လ်)ကျောင်းသားဟောင်း

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းကမ်းနားလမ်း၊ အမှတ် ၃၄/၃၆ နေ (ဦးဘသင်–ဒေါ်ချစ်)တို့၏သားငယ်၊ ဦးကံဦး(ကျွန်းဆွယ်သေနတ်ပစ်ချန်ပီယံ)–ဒေါက်တာဒေါ်အုန်းကြည်(ကလေးအထူးကုဆရာဝန်ကြီး)တို့၏ညီ၊ ဒေါ်ခင်သန်း (အထကကျောင်းအုပ်၊ ငြိမ်း၊ ပြင်ဦးလွင်)၏ခင်ပွန်း၊ ဗိုလ်ကြီးကျော်ဝဏ္ဏ(ငြိမ်း၊M.E.C)–ဒေါ်ယုဥမ္မာ၊ ဦးမင်းသန့်–ဒေါ်မာမာစိုး(ပြင်ဦးလွင်)၊ ဦးမိုးအောင်သိန်း–ဒေါ်သိန်းသန်းစု၊ ဦးမင်းခန့်(UNDP)၊ ဦးမိုးမင်းဒင်–ဒေါ်လှမိုပိုစုတို့၏ဖခင်၊ မောင်ဟိန်းဝဏ္ဏကျော်(ဒုတိယနှစ်၊Eco.)၊ မဆောင်းနှင်းယု(အထက–၁၊ဒဂုံ)၊ မောင်ကျော်မိုးခိုင်(အလက–၃၊ပြင်ဦးလွင်)၊ မောင်ရဲရင့်ဝေယံ၊ မောင်ညီညီစိုးစံတို့၏အဘိုးသည် ၁၄–၉–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၉–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတက္ကသိုလ်၊ ရူပဗေဒဌာန၊ ပါမောက္ခ/ဌာနမှူး ဆရာဒေါက်တာမြင့်သိန်း၏ဇနီး ဒေါက်တာဒေါ်မြရွှေသည် ၃–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ ဆရာ့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

တပည့်များ

ရီရီငြိမ်း၊ တင်သူဇာ၊ နွယ်နီတင် (ရန်ကုန်တက္ကသိုလ်)။

ဦးစံလှအောင်

(ဘီလစ်စာရေးကြီး၊ ငြိမ်း) (ကျောက်ဖြူမြို့)

အသက်(၉၃)နှစ်

ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်နေ (ဦးပြားယေ–ဒေါ်မချမ်း)တို့၏သား၊ (ဒေါက်တာဦးစံမြအောင်)၊ ဒေါ်စောခင်၊ (ဒေါက်တာဦးလှဖော်သူ)တို့၏ ညီ/မောင်/အစ်ကို၊(ဦးမောင်ကြီး)၊ (ဦးကျော်ဖံအောင်)၊ (ဦးကျော်မြ)၊ ဦးကျော်ထွေးအောင်(အထပြ၊ ကျောက်ဖြူ)၊ ဒေါ်သိန်းရွှေ၊ (ဒေါ်ခင်ထွေးအောင်)တို့၏ဖခင်၊ (ဒေါ်လှနု)၊(ဒေါ်စောပု)တို့၏ခင်ပွန်း၊မြေးလေးယောက်တို့၏အဘိုးသည် ၁၄–၉–၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက်တွင် ကျောက်ဖြူမြို့ မြို့မသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ အာစိဏ္ဏာနန္ဒ

(ဓမ္မာစရိယ စာချဆရာတော်)(ရမ်းဗြဲ၊ မာန်အောင်)

သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ဇလပ်ပြင်တောင်ကျောင်းနာယက၊ ရမ်းဗြဲမြို့နယ်၊ နန္ဒာရာမသံချောင်းကျောင်းသစ် ဦးစီးနာယက၊ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ နဂါးရုံဘုရားကြီး ဓမ္မာစရိယစာသင်တိုက် ဆရာတော် အရှင်သုမင်္ဂလာဘိဝံသ၏ ကျေးဇူးရှင်ဖြစ်တော်မူသော ဘဒ္ဒန္တ အာစိဏ္ဏာနန္ဒသည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက် (၁၁–၉–၂၀၀၄ရက်) စနေနေ့ နံနက် ၁၁း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၉–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်ရဟန်း၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ရှင်သုမင်္ဂလာဘိဝံသနှင့်သံဃာတော်များ
နဂါးရုံဘုရားကြီးဓမ္မာစရိယစာသင်တိုက်၊
ကာယ ၅လမ်း၊ ပုလဲမြို့သစ်၊မင်္ဂလာဒုံမြို့နယ်။

Francis Kong (ခ)

ဦးကိုကလေး

အသက်(၈၄)နှစ်

ဒိုမိနစ်အမင်း–ဒေါ်စောသုံထေးတို့၏သား၊ Dr.မြင့်မြင့်ရီ (Irene)–Dr. ဝင်းလှိုင် (Maurice)၊ Dr.လှဒင် (Andrew)–မချို၊ မောင်စန်းမောင် (Ronnie)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂–၁၀–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈–၉–၂၀၀၄ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဣန္ဒောဘာသ

(မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ)

သက်တော်(၈၀)၊ သိက္ခာတော်(၄၉)ဝါ

ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ တံတားဦးကျောင်းတိုက်၏ပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ပရိယတ္တိသာသနာ့နုဂ္ဂဟအသင်းစာပြန်ပွဲကြီး၏ဩဝါဒါစရိယ၊ ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသသည် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၂ ရက် (၁၅–၉–၂၀၀၄ ရက်) နံနက် ၄း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၈ ရက် (၂၁–၉–၂၀၀၄ရက်) အင်္ဂါနေ့တွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊
တံတားဦးကျောင်းတိုက်၊ပန်းတနော်မြို့။

ကိုမင်းထွန်း

(စိန်လှုံစားသောက်ဆိုင်)

အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းမ၊ အမှတ် ၁၆၊ စိန်လှုံခြံနေ ဦးဟန်ထွန်းမောင်(ကုက္ကိုင်းရေကူးအသင်း၊ မြားပစ်အဖွဲ့ချုပ်၊ မြင်းစီးအဖွဲ့ချုပ်)၊ ဒေါ်ကြင်တို့၏သား၊ ကိုကျော်ကျော်ဦး၊ ကိုကြည်သာထွန်းတို့၏ညီ၊ မသီတာထွန်း၊ မောင်အေးထွန်းတို့၏အစ်ကိုသည် ၁၄–၉–၂၀၀၄ရက် နံနက် ၁ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆–၉–၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)

နာယက

ဦးတင်မောင်အေး

အသက်(၈၁)နှစ်

(ဦးဘိုးထင်–ဒေါ်ရွှက်)တို့၏သား၊ (ဦးတင်မောင်–ဒေါ်တင်တင်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ အိမ်အမှတ် ၆၁၅ နေ ဒေါ်မြဇင်၏ခင်ပွန်း၊ အသင်းနာယက ဒေါ်ခင်ခင်လှ၏အစ်ကိုသည် ၁၂–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၉–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဦးထွန်းအောင် (သန်လျင်)

(သန်လျင်ရေနံချက်စက်ရုံ၊ငြိမ်း)

အသက်(၇၆)နှစ်

သန်လျင်မြို့နေ(ဦးသာဒွန်း–ဒေါ်ကြည်ကြည်)တို့၏သားကြီး၊(ဦးဘထွန်း–ဒေါ်ဖွားတင်)တို့၏သားသမက်၊အမှတ် ၂၀၊ ဗိုလ်သန်းတင်လမ်း၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့နေ ဒေါ်ထီ၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသိုက်စိုး(ရေနံ၊ငြိမ်း)–(ဒေါ်နှင်းရီ)၊ဦးအောင်သိန်း(ရေနံ၊ငြိမ်း)–ဒေါ်ညွန့်ညွန့်၊ ဒေါ်သန်းသန်း၊(ဦးလှထွန်း)၊ ဒေါ်သိန်းသိန်း (ဆရာ အတတ်သင်၊ငြိမ်း)၊ဦးမြမောင်(MOGE၊ ငြိမ်း)ဒေါ်ယဉ်ရွှေ၊ Richardလှအောင် (Thai Airway)တို့၏အစ်ကို၊ ဦးစိုးလင်း–ဒေါ်ကြည်ကြည်ဝင်း၊ (ဦးသိန်းမြင့်)–ဒေါ်ခင်ဝင်းကြည်၊ ဦးသက်ခိုင် (သန်လျင် ရေနံချက်)–ဒေါ်ခင်စောနိုင်၊ ဦးတင်ငွေ–ဒေါ်ခင်ခင်ဝေတို့၏ဖခင်၊မြေး ၁၉ယောက်တို့၏အဘိုးသည် ၁၄–၉–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၆–၉–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကြီးမြင့်

ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက် ဆွမ်းကြီးလောင်းနှင့်ဆွမ်းလောင်း ဓမ္မာရုံဥက္ကဋ္ဌ

အသက်(၇၅)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ဖားကရာလမ်း၊ အမှတ် ၈၃(ပထမထပ်)နေ (ဦးအုန်းဖေ–ဒေါ်ဇင်)တို့၏သား၊ ဒေါ်သန်းနွဲ့၏ခင်ပွန်း၊ ဦးကြည်အေး–ဒေါ်စန်းမြင့်တို့၏အစ်ကို၊ ဒေါ်ဖြူဖြူမြင့် (ထ–၃၊ စမ်းချောင်း)–ဦးထွန်းလင်း၊ ဦးခင်ဇော်–ဒေါ်နွယ်နွယ်အောင် (မ–၁၀၊ လှိုင်)၊ ဦးဝင်းဇော်–ဒေါ်မြတ်သွယ်၊ဦးအောင်နိုင်(ခ)ကိုဖိုးချိုတို့၏ဖခင်၊ မောင်ဖြိုးမြတ် (1^{st} MB, IM-1)၊ မောင်အောင်ပြည့်ဖြိုး၊ မတင်ဇာထွန်းလင်း (VII-B၊ ထ–၂၊ စမ်းချောင်း)၊ မောင်ဖုန်းမြတ်သူ (V-A၊ ထ–၄၊ အလုံ)၊ မခြူးစိမ့်သွယ် (I-A၊ ထ–၁၊ ကြည့်မြင်တိုင်)တို့၏ အဘိုးသည် ၁၄–၉–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၄ နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၉–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ငွေဘုံ (ကျောက်ဖြူမြို့)

အသက်(၉၄)နှစ်

ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ဈေးအနီးနေ ဘုရား၊ သိမ်၊ ကျောင်းဒါယကာ (ဦးစံလှဦး)၏ဇနီး၊ (ဦးရွှေလှအောင်)–ဒေါ်လှစောရင်၊(ဦးဘိုးရှင်)–ဒေါ်ဖုးစိန်၊ ဦးကျော်ညွန့်ဖြူ–ဒေါ်သန်းစိန်၊ ဦးစံထွန်းဦး–(ဒေါ်သိန်းသိန်း)တို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၇ ယောက်တို့၏အဘွားသည် ၁၄–၉–၂၀၀၄ရက် ညနေ ၄း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၉–၂၀၀၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရားဒါယိကာမ၊ရဟန်းမယ်တော်ကြီး

ဒေါ်သန်း (ရေနံချောင်း)

အသက်(၉၃)နှစ်

ရေနံချောင်းမြို့နေ (ဦးလှမော်–ဒေါ်သ)တို့၏သမီး၊ ထောက်ကြန့်မြို့၊ ဧကရာဇ်ရပ်ကွက်၊ မိတ္တလမ်း၊ အမှတ် ၃၂ နေ ရဟန်းမယ်တော်ကြီး ဒေါ်သန်းရင်၏အစ်မ၊ ဦးစန်း–ဒေါ်အုန်းကြည်(ငြိမ်း)၊ဦးတင်အောင်လွင်(အထက–၃၊ မင်္ဂလာဒုံ)၊ ဒေါ်စန်းစန်းရီ၊ ဒေါ်သန်းသန်း(အထက–၃၊မင်္ဂလာဒုံ)၊ဒေါ်ထွေးရီ၊ ဒေါ်ဝင်းမြင့်၊ တကကကျော်ညွန့်၊ ဒေါ်ယုမေ (အထက–၃၊ မင်္ဂလာဒုံ)တို့၏အဒေါ်၊ (အရာခံဗိုလ်တင်ဦး)(လေ၊ငြိမ်း)၊ (ဦးခင်ဦး)၊ ဒေါ်ရီရီမြင့်တို့၏မိခင်၊ ဒေါက်တာဝင်းနိုင်(လူမှုဖူလုံရေး၊မှော်ဘီ)၊ မအေးအေးဦး၊မောင်စိန်ဝင်း၊မမွှေးမွှေးဦးတို့၏အဘွားသည် ၁၄–၉–၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၉–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထောက်ကြန့်မြို့ ရှောက်လမ်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး

ဒေါ်သော(ခ)ဒေါ်ရှုညွန့်

(ဆေးရုံလမ်း၊ကျုံမငေး)

အသက်(၇၈)နှစ်

ကျုံမငေးမြို့၊ အမှတ် ၁၄၊ ဆေးရုံလမ်းနေ (ဦးကျော်တင့်–ဒေါ်အေး)တို့၏သမီး၊ (ဦးခွန်စိန်–ဒေါ်မြင့်)တို့၏ညီမ၊ (ဦးချွန်စိန်)၏ဇနီး၊ ဦးအန်းကောက်–ဒေါ်ငွေးမြင့်တို့၏မိခင်ကြီး၊ ဦးပွလေး–ဒေါ်သန်းနု၊ ဦးဘိုစိန်–ဒေါ်နုတို့၏အစ်မ၊ မကျင်သိန်း–မမာမာချို၊ (မမာမာအေး)၊ ကိုဝင်းလှိုင်–မမာမာငွေး၊ ကိုအောင်သန်းဦး–မမာမာမွှေး၊ ကိုမျိုးမြင့်သိန်းတို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၅–၉–၂၀၀၄ရက် နံနက် ၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ရက် (သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ကျုံမငေးတရုတ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးရွှေချို (လပွတ္တာမြို့)

အသက်(၈၀)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ တိုက် ဘီ(၁)၊ အခန်း ဘီ(၅)၊ ဆော်လမွန်အိမ်ရာ၊ သမိုင်းလမ်းဆုံ၊ (၃)ရပ်ကွက်၊ အင်းစိန်လမ်းမကြီးနေ (ဒေါ်သိန်းကြည်)၏ခင်ပွန်း၊ ဦးတင်ရွှေ၊ (ဦးသောင်းကြည်)–ဒေါ်ခင်မေတို့၏ အစ်ကိုကြီး၊ ဦးမြင့်ဆွေ–ဒေါ်သန်းသန်းမြတို့၏ဖခင်၊ ဦးစည်သူမြင့်ဆွေ–ဒေါ်ရူပါတင်၊ဦးကျော်သူမြင့်ဆွေတို့၏အဘိုးသည် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

Mrs. Marie Melendez (ခ) ဒေါ်စောချစ်

(တညင်းကုန်း၊ အင်းစိန်)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ခြံအမှတ် ၁၂/၉၇၊ ဘိုခြံ၊ တညင်းကုန်းရပ်ကွက်နေ [ဦးခင်မောင်ကြီး (ခ) Mr. Freddy Melendez]၏ဇနီး၊ ဦးချစ်သဏ်း–ဒေါ်ခင်မာဆွေ၊ ဦးမောင်မောင်ရှိန် (Total)–ဒေါ်ချယ်ရီ၊ ဦးမောင်မောင်လတ်–Wendy၊ ဦးခင်မောင်လေး၊ ဦးသန်းမြင့်–ဒေါ်ဆွေနွယ်ဝင်း၊ ဦးယဉ်ထွေး(Popa Resort)–ဒေါ်ကေသီခင်၊ ကိုဝင်းဝင်းတာ(Paris Co.,)–မသူဇာတို့၏မိခင်၊ မစုနန္ဒာချစ်(Uniteam English Centre)၊ မဇင်လင်းလင်းချစ်၊ မသဇင်၊ မောင်ဇော်ဇော်ရှိန်၊ မောင်မင်းမင်းစိုး(Sakura Residence)–မထူးထူးဝေ(Y.G.M)၊မောင်ကျော်ကျော်ပိုင်၊ မောင်နေဝင်းအောင်၊ မဟယ်လင်ရှိန်၊ မချောချောဝေ၊ မယမုံဝင်း၊ မောင်ကောင်းဆက်၊ မောင်မင်းဒီပါ၊ မအေးနဒီအောင်တို့၏အဘွားသည် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်သာ

မွေး/ကုဦးစီးမှူး(ငြိမ်း) (မြောက်ဦး/ထားဝယ်)

အသက်(၇၀)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ လက်ကောက်ဈေးရပ်နေ ဦးသိန်းဒိုးအောင်–ဒေါ်နန္ဒာဦးတို့၏သား၊ဒေါ်ဒါလှ၏မောင်၊ ဒေါ်မကျော့စိန်၏အစ်ကို၊ ဒေါ်ခင်နှင်း (အမျိုးသမီးကျန်းမာရေးဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးတင့်လွင် (AE၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်ခင်သန်းမြင့်၊ ဦးဇော်မိုးဦး၊ ဦးကျော်ကျော်စိုး–ဒေါ်အုန်းကြူ၊ ဦးမွန်ကျော်–ဒေါ်ခင်စန်းရီ၊ ဦးမြဇော်–ဒေါ်သီသီကျော်(မူပြ၊ အလက–၅၊ မရမ်းကုန်း)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် တိုက် ၃၅၊ အခန်း H-3၊ မဟာမြိုင်အိမ်ရာ၊ တိုးချဲ့(၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်၌ ၁၅–၉–၂၀၀၄ရက် နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၉–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘုန်းကြွယ် (သဃ်္ဃန်းကျွန်း)

အသက်(၇၀)

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ အမှတ် ၆ နေ (ဒေါ်ခင်စန်း)၏ခင်ပွန်း၊ ဒေါ်အေးအေးနွဲ့ (အထက–၁၊ သင်္ဃန်းကျွန်း)၊ ဒေါ်စန်းစန်းနွဲ့ (အထက–၄၊ သင်္ဃန်းကျွန်း)–ဦးသော်ဇင်၊ ကိုကျော်သူ၊ ကိုထင်ကျော်၊ မစိုးစိုးကြွယ်–ကိုရဲနိုင်(UMW E.S Ltd.)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၅၀ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

Mrs. Marie Melendez (ခ)ဒေါ်စောချစ်

(တညင်းကုန်း၊ အင်းစိန်)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မှော်ဘီမြို့နေ (ဦးမောင်ရှိန်–ဒေါ်စိန်မြင့်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ ခြံအမှတ် ၁၂/၉၇၊ ဘိုခြံ၊ တညင်းကုန်းရပ်ကွက်နေ [ဦးခင်မောင်ကြီး(ခ)Mr. Freddy Melendez]၏ဇနီး၊ Mrs. T.Benette၊ ဦးမောင်မောင်တင်–(ဒေါ်နီနီ)၊ ဦးစိုးဝင်း–ဒေါ်ရီတာစိုးဝင်း၊ ဦးထွန်းအောင်(ခ)Carlo Melendez–ဒေါ်လှလှ၊ ဦးစံလွင်–ဒေါ် Tina၊ Mr. Mrs N-Franse၊ ဦးသန်းအောင်–ဒေါ်တင်တင်အေးတို့၏အစ်မသည် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ရက်(သောကြာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

Mrs. Marie Melendez (ခ)ဒေါ်စောချစ်

(တညင်းကုန်း၊ အင်းစိန်)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခြံအမှတ် ၁၂/၉၇၊ ဘိုခြံ၊ တညင်းကုန်းရပ်ကွက်နေ [ဦးခင်မောင်ကြီး(ခ)Mr. Freddy Melendez]၏ဇနီး၊ မှော်ဘီမြို့နေ (ဦးမောင်ရှိန်–ဒေါ်စိန်မြင့်)တို့၏သမီး၊ မှော်ဘီမြို့နေ(ဦးလှချော)–ဒေါ်လှကျင်၊ ဦးမာန်ကြည်–(ဒေါ်သန်းနွဲ့)၊ (ဦးအောင်မြင့်) – ဒေါ်ညွန့်ကြည်တို့၏ညီမ၊မှော်ဘီမြို့နေ ဦးမြအုန်း(ထွေ/အုပ် ဦးစီးရုံး၊ ငြိမ်း)–ဒေါ်ခင်လှိုင်(သ/မ ဦးစီး)တို့၏အဒေါ်သည် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၂ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ကျုံမငေးအသင်း

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်သော(ခ)ဒေါ်ရှုညွန့်

(ဆေးရုံလမ်း၊ ကျုံမငေး)

အသက်(၇၈)နှစ်

ကျုံမငေးမြို့၊ အမှတ် ၁၄၊ ဆေးရုံလမ်းနေ (ဦးကျော်တင့်–ဒေါ်အေး)တို့၏သမီး၊ (ဦးချွန်စိန်)၏ဇနီးသည် ၁၅–၉–၂၀၀၄ ရက် နံနက် ၄ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ကျုံမငေးတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ရဟန်းဒါယကာကြီး

ဦးလှစိန်

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊(၂/က) ရပ်ကွက်၊ မဉ္ဇူလမ်း၊အိမ်အမှတ် ၃၄နေ (ဦးသော်–ဒေါ်ခင်ညွန့်)တို့၏သား၊ ဒေါ်အေးသောင်း၏ခင်ပွန်း၊ (ဒေါ်ကြည်ကြည်)၊ (ဒေါ်ခင်ရီ–ဦးမောင်ဦး)၊ ဦးမြစိန်–ဒေါ်စန်းစန်း၊ ဦးထွန်းစိန်–(ဒေါ်ခင်သိန်းနု)တို့၏မောင်/ညီ၊(ဦးကျော်မြင့်)–ဒေါ်ကျင်ငွေတို့၏အစ်ကို၊ (ဦးမြင့်စိုး)–ဒေါ်မူမူအေး၊ ဦးတင်စိုး–ဒေါ်မမလေး၊ ဦးဝင်းစိုး–ဒေါ်အေးသန်း၊ ဗိုလ်မှူးကြီးဝင်းရှိန်–ဒေါ်သန်းသန်းဝင်း၊ ဦးဘလှစိုး–ဒေါ်ကြည်ကြည်ဝင်း၊ဦးမြတ်ထွန်းအောင်(ဦးစီးအရာရှိ၊ ဆည်မြောင်း)–ဒေါ်နုနုအောင်၊ဦးလှကျော်သူ–ဒေါ်တင်တင်စန်းတို့၏ဖခင်၊မြေး ၁၇ယောက်တို့၏အဘိုးသည် ၁၄–၉–၂၀၀၄ရက် ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၉–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးခင်မောင်စိုး(ခ) Andre Kin

အသက်(၅၂)နှစ်

(စည်သူဦးခင်)(အငြိမ်းစားညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန)–(Mrs. Rose Khin)တို့၏သား၊ (ဒေါ်ခင်သန်းရီ)(အငြိမ်းစားဦးစီးအရာရှိ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)၏ခင်ပွန်း၊ ဒေါ်ဘရဏီစိုးနှင့် ဒေါ်ကေခိုင်စိုးတို့၏ဖခင်၊ပါမောက္ခဒေါက်တာဦးကျော်သန်းနှင့်ဒေါ်ခင်သန်းစီတို့၏ညီသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၅–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၀–၉–၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၀ နာရီတွင်ကွာလာလမ်ပူမြို့၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးခင်စိုး

(Bosun) M.V Global Discovery Multi-Gate Corp.,Ltd.

အသက်(၅၁)နှစ်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၃၁၄၊ အခန်း ၂ နေ ဒုတိယဗိုလ်မှူးကြီးသူရကျင်တင် (ငြိမ်း၊ တပ်မတော်–ရေ)–ဒေါ်စန်းမြင့်တို့၏သားကြီး၊ ရန်ကုန်မြို့နေ ဦးတင်ဦး–ဒေါ်ခင်သန်းတို့၏သားသမက်၊ ဦးမျိုးမြင့်–ဒေါ်ချိုချိုထွန်း၊ ဒေါ်စန်းစန်းခိုင် (KMO & Family Co., Ltd.)၊ ဦးမင်းစိုး–ဒေါ်သီတာခိုင်(နည်းပြ၊စက်/စိုက်/သက် ဦးစီးဌာန)၊ ဦးသက်တင်အောင်(ခေတ္တ–ကနေဒါ)တို့၏အစ်ကိုကြီး၊ အမှတ် ၂၆၊ 4/B၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းသန်းနု၏ခင်ပွန်း၊ မခိုင်ခိုင်ဝင်းစိုး၊မဝါဝါဝင်းစိုးတို့၏ဖခင်၊ မောင်စောခိုင်ထွန်း၊ မောင်ဆန်းမျိုးထွန်းတို့၏ဦးလေးသည် ၆–၉–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် သင်္ဘောပေါ်၌ကွယ်လွန်သွားပြီး ၁၅–၉–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီး၍ ကျန်ရစ်သောအရိုးပြာကို၁၇–၉–၂၀၀၄ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စမ်းမွှေး (သမိုင်း)

လက်ထောက်မန်နေဂျာ(ငြိမ်း) DEMCO

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ် ၂၇၉ နေ (ဒေါ်နွဲ့)၏မြေး၊ (ဦးအမေယုံ–ဒေါ်သန်းခင်)တို့၏သမီး၊ ဦးအောင်ငွေး–ဒေါ်တင်မွှေးတို့၏အစ်မ၊ ဦးခင်ထွန်း(စက်မှုလယ်ယာဦးစီးဌာနရုံးချုပ်၊ ငြိမ်း)၏ဇနီး၊ ဒေါ်မိမိသန့်(B.Sc, Honours, Physics၊ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း)၊ မစမ်းနီလာထွန်း [B.Sc, Physics, (Q)M.E.P(1)၊ ရန်ကုန်တက္ကသိုလ်]၊ မောင်အောင်အောင် [A.G.T.I(MP), 2^{nd} Years, English၊ ဒဂုံတက္ကသိုလ်] တို့၏မိခင်၊ မနှင်းဆီမွှေး၏ကြီးတော်သည် ၁၄–၉–၂၀၀၄ရက်(အင်္ဂါနေ့) ည ၁၁း၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆–၉–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုမျိုးဝင်း

အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ကျောက်မြောင်းရပ်ကွက်၊ အမှတ် ၉၆/A (မြေညီထပ်)၊ ဓမ္မစိန္တာလမ်းနေ (ဦးသိန်းဆောင်)–ဒေါ်နှင်းရီတို့၏သား၊ ဦးကျော်အေး–ဒေါ်တင်လှတို့၏သားသမက်၊ မကြည်ကြည်ခိုင်၏ခင်ပွန်း၊ မဇင်မာလွင်၊ မောင်အောင်ဇော်ဖြိုး၊ မဝေဝေအောင်တို့၏အစ်ကိုသည် ၁၅–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၉–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိုး (လယ်ဝေးမြို့)

လ/ထအမှုဆောင်အင်ဂျင်နီယာ (တူးဖော်ရေး) ထောက်ရှာပင်(ကမ်းနီ)ရေနံမြေ

အသက်(၄၃)နှစ်

လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်နေ (ဦးလှကြီး)–ဒေါ်ခင်စိန်တို့၏သား၊ ဒေါ်ကြူကြူ(သာဝတ္ထိ၊ အထက)၊ ဒေါ်သွဲ့သွဲ့ (လယ်ဝေး၊ အထက)၊ ဒေါ်စန်းစန်းဝင်း (လယ်ဝေး၊အထက)တို့၏မောင်၊ကိုသိန်းထွန်း–မခင်ခင်နှောင်း (ဝါ/ပိုး၊ မကွေးတိုင်းရုံး)၊ မဝင်းဝင်းမော်တို့၏အစ်ကို၊ တောင်သာမြို့နယ်၊ကျောဇီရွာနေ(ဦးထွန်းတင်)–ဒေါ်တောတို့၏သားသမက်၊ ဒေါ်အမာကြည်(တိုင်းငွေစာရင်းအရာရှိ၊ ဝါနှင့်ပိုးချည်၊ မန္တလေးတိုင်းရုံး)၏ခင်ပွန်းသည် မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီး၌ ၁၄–၉–၂၀၀၄ရက် မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၉–၂၀၀၄ရက် ညနေ ၃နာရီတွင် မင်းဘူးမြို့ ကျောက်တံခါးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ဦးအေးမြင့် (မုဒုံ)

လူဝင်မှုကြီးကြပ်ရေး ခရိုင်မှူး(ငြိမ်း)

အသက်(၆၄)နှစ်

မုဒုံမြို့၊သံလွင်လမ်း၊ဘိုတဲရပ်(ဦးချစ်လှိုင်–ဒေါ်လှစိန်)တို့၏သားကြီး၊ဦးထွန်းမြင့်–ဒေါ်သန်းညွန့်၊ ဦးကျင်လှိုး–ဒေါ်စောမြင့်၊ ဦးတင်အောင်–ဒေါ်မြင့်မြင့်အေး၊ ဦးရဲမြင့်–ဒေါ်သန်းဝင်းတို့၏အစ်ကိုကြီး၊ ဒေါ်သန်းတင်၏ခင်ပွန်း၊ ကိုကျော်သူရတင်–မအေးအေးသန်း၊ မောင်အောင်မြင့်သူ၊ မခင်အေးမူတို့၏ဖခင်၊ မြေးတစ်ယောက်၏ အဘိုးသည် မုဒုံမြို့ နေအိမ်၌ ၁၂–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၃–၉–၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် မုဒုံမြို့ မြန်မာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ပဲခူးတိုင်း၌ မိုးစပါးဧက သိန်း၃၀စိုက်ပျိုးရန်ရည်မှန်းထား တိုင်းအတွင်းဆည်ပေါင်း၄၀ဖွင့်လှစ်ပြီးဖြစ်၍ နွေစပါးပါစိုက်ပျိုးနိုင် ဒေသခံတောင်သူများ တတ်နိုင်သမျှ စိုက်ကေတိုးချဲ့စိုက်ပျိုး

ရန်ကုန် စက်တင်ဘာ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၃ရက် နံနက် ၇နာရီခွဲက ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ပဲခူးတိုင်း သာယာဝတီခရိုင် သာယာဝတီမြို့နယ် မီးနင်းချောင်းသို့ရောက်ရှိကြရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်ဇော်ဦးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပါပူးဝါးနယူးဂီနီနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံဝန်ကြီးချုပ် ဆာမိုက်ကယ် ဆိုမာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သာယာဝတီမြို့နယ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းက စမ်းသပ်စိုက်ပျိုးနေသည့် မြစိမ်းရောင်စပါး စိုက်ပျိုးရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖိလစ်ပိုင်နှင့်ထိုင်းနိုင်ငံတို့၌ကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက် လူငယ်တင်းနစ်ပြိုင်ပွဲ မြန်မာပါဝင်ဆင်နွှဲမည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၅

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် စက်တင်ဘာ ၂၁ရက်မှ ၂၅ရက်အထိကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက် လူငယ်တင်းနစ်ပြိုင်ပွဲနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၁၉ရက်မှ ၂၃ရက်အထိ ကျင်းပမည့် *စာမျက်နှာ ၁၂ ကော်လံ ၃* ●

ပါရမီခုံးကျော်တံတား ယနေ့ဖွင့်လှစ်မည်

သတင်းမှတ်စုနှင့်ဓာတ်ပုံ- သိန်းဝင်းလေး၊တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်မြို့တော်တွင် လူဦးရေ တစ်နေ့တခြား တိုးတက်များပြားလာသည်နှင့်အမျှ ယာဉ်သွားလာမှု ပိုမိုများပြားလာပြီး မြို့ပတ်နှင့်ဆင်ခြေဖုံး လော်ကယ်ရထားများ ၁၅မိနစ်တစ်ကြိမ် သွားလာနေခြင်းတို့ကြောင့် ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရမှုမှကင်းဝေးစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ခုံးကျော်တံတားများကို အဆင့်လိုက်တည်ဆောက်ပေးလျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူ တည်ဆောက်ခဲ့သည့် ပါရမီခုံးကျော်တံတားကို မြို့ပတ်ရထားလမ်းနှင့် ပါရမီလမ်းမကြီးဆုံသော ရထားလမ်းအကူး၌ ၂၀၀၄ ခုနှစ် ဧပြီ ၂၄ ရက်မှ စတင်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယခုအခါ ပါရမီခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်း အချောသပ်လုပ်ငန်းများ အားလုံးပြီးစီးပြီဖြစ်၍ စက်တင်ဘာ ၁၆ ရက် **(ယနေ့)** တွင် ဖွင့်လှစ်မည်ဖြစ်ရာ သန့်ရှင်းသာယာလှပခိုင်ခံ့သည့် ပါရမီ ခုံးကျော်တံတားကြီးအဖြစ် ခံ့ထည်စွာ တည်ရှိနေမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း

သတင်း

ဆောင်းပါး

အညွှန်း

❖ ဘာလို့လဲဆိုတော့ပါတီအချို့ရဲ့ခေါင်းဆောင်အချို့အနေနဲ့ ပင်စင်စားရိက္ခာရပုဂ္ဂိုလ်ကြီးတွေဖြစ်ပြီး ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းကိုင်ငန်းကြီးတွေရှိကြသလို အချို့သော ပါတီခေါင်းဆောင်ဆိုသူများကတော့ ပြည်ပနိုင်ငံအချို့ရဲ့ သူတို့အကျိုးစီးပွားအတွက် မျှော်မှန်းချက်နဲ့ သွယ်ဝိုက်ထောက်ပံ့တာတွေ၊ တိုက်ရိုက်ထောက်ပံ့တာတွေ ရနေကြတော့ စားဝတ်နေရေး၊ ကျန်းမာရေးအပါအဝင် အစခပ်သိမ်းပြည့်စုံပြီး ကျန်းမာပကတိ ချမ်းသာစွာရှိနေကြသဗျ။

ပေါက်စ၏ “လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ(၆) ဆောင်းပါး(စာ-၃)

❖ “မြန်မာနိုင်ငံ၏အနေအထားကိုကြည့်လျှင် ရဟန်းရှင်လူပြည်သူတို့သည် ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းကို ကြိုးပမ်းအားထုတ်မှုမှာ ယနေ့တိုင်အောင် ပွင့်လန်းလျက်ရှိ”

ယောနကဘိုးထောင်၏ “စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ(၂၀၀၄)” ဆောင်းပါး(စာ-၁၀)

ပါရမီခုံးကျော် တံတား၏ညအလှ

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ပါရမီခုံးကျော်တံတားကို စက်တင်ဘာ၁၅ရက် ဖွင့်ပွဲအခမ်းအနား အကြိုညက ရောင်စုံမီးများဖြင့် ရှုမငြီးဖွယ် ဤသို့တွေ့ရသည်။

ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)